# လယ်ဦးကျေးရွာ

# မိုးညှင်းမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လယ်ဦးကျေးရွာ၊ မိုးညှင်းမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


မာတိကာ ၁

စကားချီး ၄

လယ်ဦးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၆

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၇

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

( ခ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၉

(က)` တည်နေရာ၊ မြေမျက်နှာသွင်ပြင် အနေအထား

( ခ ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၉

(က) လူဦးရေဆိုင်ရာ အချက်လက်များ

( ခ ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

( ဂ ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

( င ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

( စ ) ကျားမဆိုင်ရာ ဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ** ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

( ခ ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

( ဂ ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

( င ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

( စ ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

( ဇ ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီရယူမှု- လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

( ဈ ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ** ၁၅

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

( ခ ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၁၆

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြားအစီအစဉ် ကျသော ချိတ်ဆက်မှုများ** ၁၈

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** ၁၉
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေး
( ခ ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
( ဂ ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၂၅
**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ** ၂၆
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
( ခ ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
( ဂ ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
**(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း** ၂၇
(က) ကြီးကြပ်စစ်ဆေးခြင်း
( ခ ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
( ဂ ) နည်းပညာဆိုင်ရာ အကူအညီ
**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံချက် ဇယားများ** ၃၀
**(၁) ရွာ၏ လူမှုစီးပွားရေး အခြေအနေ**
ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား (၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု
**(၂) လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**
ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ်လျှော့ချရေး အစီအမံများ
ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း
ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား (၃၁) အဖြစ်များသော ရောဂါများ
ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေ ရရှိမှု
ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၄၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၁
ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၃
ဇယား (၄၅) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

**ကိုးကားစာရင်း** ၇၀

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၇၁
စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်၂၀၁၅/၁၆ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသောမွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျေးရွာတွင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်လုပ်ဆောင်ဖူးခဲ့ကြသော်လည်း ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများကို တွင်ကျယ်စွာသုံးစွဲလုပ်ဆောင်ခြင်း နည်းပါးနေပါသေးသည်။ အားလုံးပူးပေါင်းပါဝင်ပြီး ကျေးရွာစီမံကိန်းများရေးဆွဲခြင်းနည်းလမ်းကိုအသုံးပြု၍ အချင်းချင်းတိုင်ပင်ဆွေးနွေး အဖြေရှာတတ်လာစေရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဦးဆောင်ညွှန်ကြားမှုဖြင့် မတူပီမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက စီမံကိန်းရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုစီစဉ်ပြီး ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွဲဖက်လုပ်ဆောင်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမ ကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှ လည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင် ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်ကို နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်များဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ် အဆင့် အစိုးရဌာနများနှင့် အထက်အဆင့်တာဝန်ရှိသူအစိုးရအဖွဲ့များ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင် ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာအချက် အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
လယ်ဦးကျေးရွာ
မိုးညှင်းမြို့နယ်

## လယ်ဦးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်




**ရည်ညွှန်း:** ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော (သတင်းအချက်အလက်များ မှကောက်ယူပါသည်။ ( ၂၃-၂၅ ရက်၊ ဩဂုတ်လ၊၂၀၁၅) ခုနှစ်

## အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို လည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

လယ်ဦးကျေးရွာသည် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ကြာကြီးကွင်းကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ မိုးညှင်းမြို့နှင့် ( ၂၅ ) မိုင်၊ ဟိုပင်မြို့နှင့် (၄)မိုင်ကွာဝေးသည်။ လယ်ဦးရွာလမ်းသည် ကြာကြီးကွင်း–လယ်ဦးကျေးရွာ ချင်းဆက်လမ်းဖြင့် မြစ်ကြီးနား – မိုးညှင်း ကားလမ်းအား ဆက်သွယ်ထားသည်။

လယ်ဦးကျေးရွာအနီးပတ်ဝန်းကျင်တွင် လယ်မြေများရှိသည်။ ရွာ၏အနောက်တွင်တောင်တန်း၊ တောတန်းများရှိသည်။ စိုက်ပျိုးရေကို နန့်ယုန်ချောင်းနှင့် အင်းများမှရရှိနိုင်သည်။ ၂၀၁၅ ခုနှစ် မိုးရေချိန်မှတ်တမ်းအရ ဒေသ၏တစ်နှစ်ရွာသောပျမ်းမျှမိုးရေချိန်မှာ (၇၀.၆၂) လက်မရှိသည်။ မိုးရွာသွန်းသောရက်ပေါင်း (၁၀၉)ရက်ရှိသည်။

### (ခ) သဘာဝအရင်းအမြစ်များ

မြေဆီဩဇာအသင့်အတင့်ကောင်းမွန်သော လယ်မြေများရှိသည်။ မြေအောက်ရေအရင်းအမြစ်ကောင်းမွန်သည့်အတွက် စိုက်ပျိုးရေးအတွက်လိုအပ်သည့်ရေကို အလွယ်တကူတူးဖော်ရရှိနိုင်သည်။ ရွာအနီးရှိ နန့်ယုန်ချောင်းမှ အိမ်ဆောက်သဲကြမ်းများ ထုတ်ယူနိုင်သည်။ ရွာအနီးအနားရှိ တောတောင်မှ ထင်း၊ မျှစ်နှင့် တောကောင်များ၊ စိုက်ပျိုးရေးတွင်အသုံးပြုရန် ဝါးများကိုရရှိနိုင်သည်။

## ၃။ လူမှုဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ရှမ်းနီလူမျိုးများနေထိုင်သော လယ်ဦးရွာတွင် အိမ်ခြေ (၅၀)အိမ်ရှိပြီးစုစုပေါင်းလူဦးရေမှာ (၂၉၄) ဦးရှိသည်။ ကျေးရွာလူဦးရေ၏ (၇၂) ရာခိုင်နှုန်းမှာ အလုပ်လုပ်နိုင်သော လူဦးရေများဖြစ်သည်။ အမျိုးသားများမှာလည်း အခြားအရပ်ဒေသများသို့အလုပ်အကိုင် သွားရောက်လုပ်ကိုင်ကြရသဖြင့် မိသားစုအိမ်တွင်းပြဿနာများ ရှိနိုင်သည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ တောင်သူများမှာ ကုန်သည်ပွဲစားများ၏ ဆိုဈေးဖြင့်သာရောင်းချနေကြရ၍ အမြတ်ငွေနည်းပါးစွာသာ ရရှိကြသည်။ ကျေးရွာအိမ်ထောင်စုများသည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြသူများဖြစ်သည်။ လယ်မရှိသူများမှာ လယ်ငှား၊ နေ့စား၊ ကျပန်းလုပ်ငန်းများလုပ်ကိုင်ကြသည်။ ဈေးကွက်အခွင့် အလမ်းရှားပါးသည့်အတွက် တောင်သူများမှာ ဈေးကွက်ဝင်တန်ဖိုးမြင့်သီးနှံများကို စိုက်ပျိုးနိုင်ခြင်းမရှိသဖြင့် အခြားအရပ်ဒေသများသို့ အလုပ်အကိုင်သွားရောက်လုပ်ကိုင်ကြသည်။

## (ဂ) ဆင်းရဲမှု၊ ဝမ်းစာဖူလုံမှုနှင့် ထိခိုက်လွယ်မှုအခြေအနေ

ကျေးရွာတွင်အဆင်ပြေသော အိမ်ထောင်စု (၃) စုနှင့် အလယ်အလတ်အဆင်ပြေသော အိမ်ထောင်စု (၂၀) စုများသည် လယ်မြေ (၅) ဧကမှ (၁၀) ဧကအထက်ပိုင်ဆိုင်သူများဖြစ်သည်။ ဆင်းရဲသောအိမ်ထောင်စုနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စု (၂၇) စုသည် ဝမ်းစာခက်ခဲသော အိမ်ထောင်စုများဖြစ်သည်။ ဆင်းရဲနှင့်အလွန်ဆင်းရဲမိသားစုများ၏ ချေးငှားခြင်းမရှိဝမ်းစာရှာဖွေ စားသောက်နိုင်သောကာလများမှာ (၅%) သည် (၆) လထိ၊ (၁၀.၅%) မှာ (၇) အထိ ၊ (၁၀.၅%) မှာ (၉) လနှင့်ကျန် (၂၁%)သည် (၁၁)လနှင့် ကျန်အိမ်ထောင်စု (၅၃%) မှာ (၁၂) လထိချေးငှားခြင်းမရှိ ဝမ်းစာဖူလုံကြသည်။ လက်လုပ်လက်စားများမှာ အလုပ်အကိုင်ရှားပါးချိန်တွင် ထင်းခုတ်၊ ဝါးခုတ်၊ သစ်ခုတ်ရောင်းခြင်းဖြင့် ဝမ်းစာရှာကြသဖြင့် သစ်တောများတဖြည်းဖြည်း လျော့နည်းလာပြီဖြစ်သည်။ လုံခြုံရေးမကောင်းသောနယ်မြေများသို့ စီးပွားရှာကြခြင်းကြောင့် အသက်အန္တရာယ်စိုးရိမ်ရခြင်းနှင့် ကျန်းမာရေးဗဟုသုတနည်းခြင်းကြောင့် ကူးစက်ရောဂါများဖြစ်ပွားခံနေကြရသည်ကို တွေ့ရှိရသည်။

## (ဃ) ကျန်းမာရေး နှင့် အာဟာရ

ကျေးရွာ၏ကျန်းမာရေးအခြေအနေမှာ ယေဘုယအားဖြင့် ဆိုးဝါးမှုမရှိပါ။ အနီးဆုံးကျေးလက်ကျန်းမာရေးဌာနခွဲမှာ ကြာကြီးကွင်းဖြစ်သည်။ ဆေးခန်းတွင် ပြည့်စုံ လုံလောက်သောဆေးဝါးနှင့် ကျန်းမာရေး ဝန်ဆောင်မှုမရရှိပါ။ ကြာကြီးကွင်းကျေးလက် ကျန်းမာရေးဌာနခွဲကို ကျန်းမာရေးဝန်ဆောင်မှု ပေးနိုင်သောဆေးခန်းအဖြင့်အဆင့်မြှင့်တင်ရန်နှင့် ဆင်းရဲသောအိမ်ထောင်စုများအတွက် အရေးပေါ်ကျန်းမာရေးအကူအညီအဖြစ် ရန်ပုံငွေများထားရှိရန် လိုအပ်နေသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

မူလတန်းပြီးမြောက်မှုနှုန်းများ ကျေးရွာလူဦးရေး၏ (၆၅) ရာခိုင်နှုန်းရှိပြီး တက္ကသိုလ်ပညာပြီးဆုံးသူ (၄) ရာခိုင်နှုန်းသာရှိသည်။ ကျေးရွာတွင် မူလတန်းပညာရေးကို သင်ကြားနိုင်သော်လည်း အခြားကျေးရွာသို့ အလယ်တန်းနှင့် အထက်တန်းပညာရေးသင်ကြားရန် အဆောင်နေစရိတ်၊ စားစရိတ်များမတတ်နိုင်သဖြင့် ကျောင်းထွက်နှုန်းမြင့်မားသည်။ ရပ်ဝေးနေကျောင်းသားများ ကျောင်းသို့တက်ရောက်နိုင်ရန် ဒေသအချက်အခြာကျသော ကျောင်းများတွင်အဆောင်များတည်ဆောက်ခြင်းဖြင့် ပညာရေးအသုံးစရိတ်များကို လျော့ချနိုင်လာမည်ဖြစ်သည်။

## (စ) ကျားမအခွင့်အရေး

ကျေးရွာလူထုအကြား ကျားမညီမျှရေးအခြေအနေများမှာ တည်ငြိမ်မှုရှိသည်ဟု ထင်ရနိုင်ပါသည်။ မိသားစုအတွင်းအမျိုးသား အမျိုးသမီးများတွင် လွတ်လပ်သောလုပ်ပိုင်ခွင်များရှိသည်ကို တွေ့ရှိရသည်။ အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျားမခွဲခြားမှုပြဿနာများမရှိသလောက်နည်းပါးသည်။

အမျိုးသမီးများသည် အုပ်ချုပ်မှုအခန်းကဏ္ဍတွင် ပူးပေါင်းပါဝင်မှု နည်းပါးသည်ကိုတွေ့ရသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကျား/မ ညီမျှရေးနှင့် ပူးပေါင်း လုပ်ဆောင်မှုတို့သည် ဆက်နွယ်နေကြောင်းကို မိသားစုဝင်များနှင့် ရွာသူ/သားများ နားလည် ယုံကြည်မှုရှိကြသည်။ အရွယ်ရောက်သော လူငယ်လူရွယ်များနှင့် အမျိုးသမီးငယ်များမှာ မူလတန်း၊ အလယ်တန်းအတန်း ပညာဖြင့် ကျောင်းထွက်ခဲ့ရ၍ အလုပ်လက်မဲ့ ဖြစ်နေကြသည်။

## ၄။ ကဏ္ဍအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာအတွင်း အစဉ်အလာအရဖွဲ့စည်းထားသော ဂေါပကအဖွဲ့၊ အမျိုးသမီးကြီးနှင့် အမျိုးသားကြီးအဖွဲ့၊ လူငယ်အဖွဲ့တို့သည် ဘာသာရေး၊ သာရေးနာရေးနှင့် လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းလုပ်ကိုင်နေသော အဖွဲ့များဖြစ်ကြသည်။ ပြင်ပအဖွဲ့အစည်းများ လာရောက်ဖွဲ့စည်းထားသော အကျိုးဆောင်အဖွဲ့များမှာမူ ကောင်းမွန်စွာရပ်တည်နိုင်မှုမရှိသည်ကို တွေ့ရှိသည်။ ကျေးရွာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကျေးရွာအတွင်းစည်းရုံးဆော်ဩပေးသည့် အဖွဲ့အစည်းများမရှိသေးပေ။

### (ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

လယ်ဧက (၂၅၆)ဧကနှင့်၊ ယာမြေ(၃၃)ဧကရှိသည်။ ကျေးရွာ၏အဓိကစိုက်ပျိုးရေးမှာ မိုးရာသီတွင်စပါးဖြစ်ပြီး စပါးအပြီး ရေရရှိသောမြေများတွင် ရာသီအလိုက်ဆောင်းသီးနှံဖြစ်သည့် မြေပဲ၊ နှမ်း၊ မုန်ညှင်းစသည့်တို့ကိုစိုက်ပျိုးကြသည်။

နန့်ယုန်ချောင်းဆည်ပျက်ဆီးသွားသည်နောက်တွင် လယ်မြေများအားလုံး စပါးအောင်ရေရရှိမှုနှင့်ဝေးခဲ့ရခြင်း၊ လွှတ်ကျောင်းစနစ်ဖြင့်နွားမွေးမြူကြသဖြင့် လယ်အပြီးတွင် သီးထပ်စိုက်ပျိုးလုပ်ကိုင်နိုင်ရန်ခက်ခဲလာခြင်းတို့ကြောင့် တစ်နှစ်ပတ်လုံး သီးနှံစိုက်ပျိုးနိုင်သည့်အခွင့်အရေးနှင့်ဆုံးရှုံးခဲ့ကြရသည်။

ဒေသအတွင်းကျွဲ၊ နွားလွှတ်ကျောင်းကြသည့် အလေ့အထများရှိခြင်းကြောင့် ယာစိုက်တောင်သူများမှာ ယာမြေများကို နှစ်စဉ် ခြံစည်းရိုးကာရံနေရခြင်းစသည့် ကုန်ကျစရိတ်များသည် ဝန်ထုတ်ဝန်ပိုးဖြစ်နေရသည်။လွှတ်ကျောင်းစနစ်ကို ထိန်းချုပ်ရန်နှင့် တန်ဖိုးမြင့် သီးနှံမျိုးများတိုးတက်စိုက်ပျိုးနိုင်လာစေရန် ဈေးကွက်အခွင့်အလမ်းများနှင့် ချိတ်ဆက်နိုင်သည့် လမ်းကြောင်းပွင့်လင်းလာစေရန်မှာ အရေးကြီးသောအခြေအနေတစ်ရပ်ဖြစ်သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေကို စပါးစိုက်ပျိုးရေးအတွက်သာရရှိသဖြင့် ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေးအတွက် ဆင်းရဲသောတောင်သူများမှာ စပါးကိုဈေးလျှော့ကာစပါးစိမ်းကြိုရောင်း၍ ဆောင်းသီးနှံစိုက်ပျိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုပြုကြရသည်။ လယ်မြေငှားသောသူများမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေထုတ်ချေးခွင့်မရရှိသဖြင့် စပါးစိမ်းကြိုရောင်းခြင်းဖြင့် ရင်းနှီးမှုပြုကြရသည်။

ဒေသအတွင်းစပါးဈေးကွက်ရှိသော်လည်း မျိုးကောင်းမျိုးသန့်ရရှိရေး၊ ဈေးကွက်ထွန်းပေါက်ရေးတို့မှာ လယ်သမားများအတွက် အခက်အခဲများကြုံတွေ့နေရသဖြင့် ဒေသစပါးမျိုးများကိုသာ စိုက်ပျိုးနေကြရသည်။ အရည်အသွေးမြင့်ဆန်ထုတ်လုပ်နိုင်လာရေးကို အထောက်အကူပြုမည့် ခေတ်မီဆန်ကြိတ်ခွဲစက်များဒေသတွင်မရှိခြင်းစသည့်လိုအပ်ချက်များလည်းရှိသည်။

ကျွဲ၊ နွားမွေးမြူခြင်းသည် ကျေးရွာမွေးမြူရေးလုပ်ငန်း၏အားကောင်းပြီး အရေးပါသောမွေးမြူရေးလုပ်ငန်းဖြစ်သည်။ဒေသမျိုးနွား၊ ကြက်၊ ဝက် များသာမွေးမြူကြသည်။ နို့စားနွားနှင့် ဥစားကြက်မွေးမြူသူများမရှိခြင်း မွေးမြူရေးတိုးချဲ့လုပ်ကိုင်ရန် ဗဟုသုတနည်းပါးခြင်းစသည့် အခက်အခဲများရှိသည်။

ကချင်ပြည်နယ်၏ သားငါး ၊ ဥ ဈေးကွက်များ၊ နို့နှင့် နို့ထွက်ပစ္စည်းဈေးကွက်စသည့် အခြေအနေကောင်းများရှိသည်။ အဘယ်ကြောင့်ဆိုသော် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ချင်းပြည်နယ်တို့မှ မွေးမြူရေးသွင်းကုန်များဖြစ်သည့် ကြက်၊ ဝက်၊ နွား စသည်တို့ကို ကချင်ပြည်နယ်သို့ တင်သွင်းနေခြင်းတို့ကြောင့် မိသားစုဝင်ငွေတိုးလုပ်ငန်းအဖြစ် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်တိုးချဲ့လုပ်ကိုင်သင့်ပါသည်။

နို့ထွက်နှုန်းနည်းသော ဒေသနွားမျိုးများအစား၊ နို့စားနွားမွေးမြူခြင်းကို နည်းပညာများပေါင်းစပ်၍ လက်တွေ့ကျကျ တစိုက်မတ်မတ်ဆောင်ရွက်ခြင်းဖြင့် အောင်မြင်နိုင်သည်။

ကျေးရွာ၏မွေးမြူရေးနှင့် အသားထုတ်လုပ်မှုကဏ္ဍတိုးတက်လာစေရန်အတွက် ကာလရှည်ချေးငွေဝန်ဆောင်မှုလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးခြင်းများ၊ အစာနှင့် ဆေးသွင်းအားစုများကိုလက်လှမ်းမီရန်နှင့် ဈေးကွက်ဖွံ့ဖြိုးရန်လိုအပ်ပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ဒေသခံများမှာ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အလုပ်အကိုင်ရရှိရန် ခက်ခဲခြင်းများရှိသည်။ ရွာသူရွာသားများသည် ပညာရေးနိမ့်ကျခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာတတ်မြောက်မှုမရှိခြင်းတို့ကြောင့် ဝင်ငွေလစာကောင်းသော လုပ်ငန်းများရရှိရန် မလွယ်ကူပေ။

### (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ရွာနှင့်နီးသောတောင်ကုန်း၊ တောင်တန်းများတွင် ထင်းခုတ်၊ ဝါးခုတ်၊ သစ်ခုတ်ခြင်းများပြုလုပ်ကြသည်။ သစ်တောများပြုန်းတီးလာသည်နှင့်အမျှ မြေအစိုဓာတ်ထိန်းသိမ်းမှုမရှိတော့ပေ။ ယခင်က ဆည်မြောင်းရေနှင့် ချောင်းရေများမှ မိုးစပါးအပြင် ဆောင်သီးနှံစိုက်ပျိုးရေးအတွက် ရေအလုံအလောက်ရရှိခဲ့သည်။ ယခုအခါ နန့်ယုန်ချောင်းဆည်ပျက်စီးနေသဖြင့် စိုက်ပျိုးရေမရဖြစ်နေကြရသည်။

ကြွက်ရန်နှင့် အဖျက်ပိုးများနှိမ်နင်းရန် ဓာတုဆေးအသုံးပြုနည်းနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအသိပညာဗဟုသုတ သင်တန်းများရရှိထားခြင်းမရှိဘဲ ဓာတုဆေးဝါးများကို အသုံးပြုကြခြင်းနှင့် စနစ်တကျပြန်လည်စွန့်ပစ်မှုများမရှိခြင်းများကြောင့် လယ်မြေများမြေဆီလွှာပျက်ဆီးခြင်း၊ ရေနှင့်

ပတ်ဝန်းကျင်သန့်ရှင်းရေးကိုထိခိုက်စေခြင်း၊ လူနှင့် ကျွဲ၊ နွားများ၏ အသက်အန္တရာယ်ကိုပါ ထိခိုက်စေနိုင်ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေကို လယ်တစ်ဧကလျှင် တစ်သိန်းကျပ်၊ အတိုးနှုန်း တစ်နှစ်လျှင် (၀.၄၂) ရာခိုင်နှုန်း၊ သမဝါယမမှ တစ်လလျှင်အတိုးနှုန်း (၂)ရာခိုင်နှုန်းတို့ဖြင့် ချေးငွေရယူနိုင်သည်။ (၆) လသာ ချေးယူရရှိသဖြင့် ဆောင်သီးနှံစိုက်ပျိုးရန် အရင်းအနှီးအခက်အခဲများ ရှိနေပါသည်။ လယ်ငှားလုပ်ကိုင်ကြသူများမှာ မြန်မာလယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ချေးငွေမရရှိပါ။ အဘယ်ကြောင့်ဆိုသော် လယ်ယာမြေပိုင်ဆိုင်မှု ပုံစံ(၇)မရှိသောကြောင့် ဖြစ်သည်။

ငွေချေးသောသူများထံတွင် ချေးငွေကိုရွှေအပေါင်ပစ္စည်းဖြင့် တစ်လလျှင်အတိုးနှုန်း (၃) ရာခိုင်နှုန်းဖြင့်၊ (၅) လတစ်ကြိမ်အတိုးပေးကြရသည်။ မိတ်ဆွေ၊ ဆွေမျိုးများနှင့် သူငယ်ချင်းများထံမှ အနည်းငယ်ချေးယူရရှိနိုင်သည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ရွာနှင့် (၂.၅) ဖာလုံသာဝေးသော ကြာကြီးကွင်း ကျေးလက်ကျန်းမာရေးဆေးခန်းခွဲတွင် သားဖွားဆရာမ တစ်ဦးရှိသည်။ ဆေးခန်းအဆောက်အဦးနှင့် ဆေးပစ္စည်းများစုံလင်မှုမရှိခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝမရရှိပါ ။ အရေးပေါ်ကျန်းမာရေး ပြဿနာများဖြစ်လျှင် မိုးညှင်းမြို့ဆေးရုံးသို့ သွားရောက်ကြရသည်။

ရွာသည် လယ်ကွင်းများပတ်လည်ဝန်းရံနေသော ကုန်းမြေတွင်တည်ရှိသောကြောင့် သောက်သုံးရေများမှာ ရွှံ့နုံ့နှင့် အရောင်များရှိနေသဖြင့် ဘေးထွက်ဆိုးကျိုးများ ရှိနိုင်သည်ဟုခန့်မှန်းရသော်လည်း ပါဝင်သောဓာတ်များကို စမ်းသပ်စစ်ဆေးမှုမရှိသေးပါ။

ယင်လုံအိမ်သာ စနစ်တကျအသုံးပြုခြင်းမရှိသေးပါ။ အကြောင်းမှာ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ဗဟုသုတများနားလည်သဘောပေါက်ရန် လိုအပ်နေသေးသည်။

ရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိသည်။ အလယ်တန်းပညာရေးကို ရွာနှင့် သုံးဖာလုံခန့်ဝေးသော ကြာကြီးကွင်းရွာတွင် တက်ရောက်ကြပြီး၊ အထက်တန်းပညာရေးကို မိုးညှင်းနှင့် ဟိုပင်မြို့များတွင်တက်ရောက်ကြသည်။ အထက်တန်းပညာရေးသင်ကြားရန်အတွက် အဆောင်စရိတ်၊ ကျူရှင်စရိတ်စသဖြင့် အလယ်တန်းနှင့် ပင်ကျောင်းပြီးဆုံးသွားကြရသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များသည် ဘာသာရေး၊ လူမှုရေး၊ သာရေး၊ နာရေးများနှင့် ရိုးရာပွဲတော်များတွင် တက်ကြွစွာပါဝင်လှုပ်ရှားကြသူများဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အကျိုးဆောင်

လုပ်သားများဖြစ်သာ ပါဝင်လုပ်ကိုင်ကြသည်။ ဖျော်ဖြေရေးအတွက် တီဗွီ၊ ဗွီဒီယိုနှင့် ရေဒီယိုလိုင်းများကို ဖမ်းယူနာဆင်းခြင်းဖြင့် အပန်းဖြေကြသည်။

နိုင်ငံရေးအခြေအနေတည်ငြိမ်သောဒေသဖြစ်သော်လည်း ရွာနှင့် အနီးပတ်ဝန်းကျင်များတွင် လူငယ်များကို မူးယစ်ဆေးဝါးအန္တရာယ် ခြိမ်းခြောက်လျက်ရှိသည်။

ရွာတွင်အားကစား အထောက်အကူပြုပစ္စည်းများမရှိခြင်း၊ ရွာမြေကျဉ်းခြင်းတို့ကြောင့် ဘောလုံးကစားကွင်းပြုလုပ်မည့်နေရာမရှိပါ။ သို့သော်လည်း နှစ်စဉ်ကျင်းပမြဲဖြစ်သော ကျေးရွာအုပ်စုအဆင့်ဘောလုံးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြပါသည်။ ကျေးရွာလူငယ်များစုပေါင်း၍ အားကစားလုပ်ဆောင်နိုင်ရေးနှင့် လေ့ကျင့်နိုင်ရေးတို့အတွက် အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်။

### (ဓ) အခြေခံအဆောက်အဦး-လက်လှမ်းမီရယူမှု၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ရွာမှ အရှည်ပေ ၃၅၀၀ ကျော်ရှိသော ကျဉ်းမြောင်းသည့်မြေသားလမ်းဖြင့် ကြာကြီးကွင်းရွာကိုဆက်သွယ်ထားရှိသည်။ ထိုမှတဆင့် မိုးညှင်းကုန်သွယ်ရေး လမ်းမကြီးသို့ ဆက်သွယ်ထားသည်။ ၎င်းမြေသားလမ်းသည် မိုးတွင်းကာလများတွင် မော်တော်ယာဉ်ကြီးများ သွားလာ၍မရပါ။ ရွာသားများမှာ လမ်းကို ထပ်မံချဲ့ခြင်းနှင့် ကျောက်ချောလမ်းခင်းရန် ကြိုးစားလုပ်ဆောင်နေကြသည်။

တစ်ရွာလုံးလျှပ်စစ်မီးလင်းရေးအတွက် ရပ်မိရပ်ဖနှင့် ရွာနာယကများပါဝင်သော ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးလုပ်ငန်းကို ငွေကျပ်သိန်း (၇၀) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြိုးပမ်းခဲ့ကြသည်။ (၂၀၁၄) ခုနှစ်တွင် ကျေးရွာရန်ပုံငွေဖြင့် ရွာမီးတိုင်များကိုစိုက်ထူနိုင်ခဲ့သည်။ မီးသွယ်တန်းရန် တစ်မိုင်၊ နှစ်မိုင်ခန့်အကွာသာ ကျန်ရှိသော်လည်း ကျေးရွာရန်ပုံငွေမရှိတော့ပေ။ ယခုနှစ်နိုင်ငံတော်၏ ၂၀၁၅ ခုနှစ် ကျေးရွာလျှပ်စစ်မီးလင်းရေး အစီအစဉ်တွင်ပါရှိကြောင်းသိရှိထားသည်။ ကျေးရွာတွင် တယ်လီဖုန်းဆက်သွယ်ရေး ကောင်းမွန်သည်။

### (ရ) ပြည်သူ့လုံခြုံရေး

ရွာတွင်လူမှုလုံခြုံရေးစနစ်မရှိသော်လည်း ရွာသားများတွင် တယ်လီဖုန်းဆက်သွယ်ရေးကိရိယာများရှိသောကြောင့် အရေးပေါ်သတင်းအချက်အလက်များကို အချိန်မီရရှိနိုင်သည်။ ရွာအနီးတွင်ယာဉ်တိုက်မှုများဖြစ်ပွားသည့်အခါ သက်ဆိုင်ရာမြို့နယ်ရဲစခန်းသို့ သွားရောက်အကူအညီရယူကြရသည်။ ကျန်းမာရေး အသက်အားမခံလုပ်ငန်းများနှင့် ချိတ်ဆက်မှုမရှိကြပါ။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ

လယ်ဦးရွာသည်မိုးညှင်းမြို့ဧရိယာ ဝန်းကျင်တွင်ရှိသဖြင့် အချက်အခြာကျသော ကုန်သွယ်ရေးလမ်းကြောင်းနေရာဖြစ်သည်။ မြေသြဇာကောင်းသော လယ်မြေများရှိခြင်း၊ စိုက်ပျိုးရေရရှိရေးအတွက် နန့်ယုန်ချောင်း ရေလွှဲဆည်ရှိခြင်း၊ ရေသွယ်မြောင်းများ ပြုလုပ်နိုင်ခြင်းနှင့် မြေအောက်ရေရရှိနိုင်ခြင်းတို့ကြောင့် တောင်သူများ စပါးအပြီး တန်ဖိုးမြင့် သီးနှံများကို စိုက်ပျိုးနိုင်သည်။

တိရိစ္ဆာန်သောက်သုံးရေရရှိနိုင်ခြင်းနှင့် မြေနေရာများရှိခြင်းတို့သည် စနစ်တကျမွေးမြူရေးလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန် အခွင့်အလမ်းကောင်းများဖြစ်သည်။

### (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

လုပ်ငန်းကိုစတင်နိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ မရှိခြင်းကြောင့် စိုက်ပျိုးရေးအထောက်အကူပြု ကိရိယာများဖြစ်သည့် ရိတ်သိမ်းစက်၊ ရေစုပ်စက်များဝယ်ယူရန်နှင့် ကျွဲ၊ နွားတိုးချဲ့မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ကာလရှည်ချေးငွေဝန်ဆောင်မှုများ လိုအပ်နေသည်။

ခေတ်မီသိပ္ပံနည်းပညာနှင့် စက်မှုလက်မှုအတတ်ပညာများ တတ်မြောက်မှုမရှိခြင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များ အရည်အသွေးမြင့်မားစေရန်အတွက် ရွာသားများအနေနှင့် သိပ္ပံနည်းကျနည်းပညာနှင့် စက်မှုလက်မှုအတတ်ပညာများကို တတ်မြောက်ရန်လိုအပ်သည်။ နိုင်ငံတော်အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကျေးလက်နေပြည်သူများကို နည်းပညာဝန်ဆောင်မှုပေးသည့် ဖွံ့ဖြိုးရေးအစီအစဉ်များလုပ်ဆောင်ရန် လိုအပ်နေပါသည်။

ကျေးရွာထွက်ကုန်များကို ဈေးကွက်ကြီးများသို့ တင်ပို့ရောင်းချပါက အချိန်ကုန်၊ ငွေကုန်များမည်ဖြစ်သည်။ မိုးညှင်းမြို့၊ ဟိုပင်မြို့များမှ ရထားလမ်းသော်လည်းကောင်း၊ ကားလမ်းသော်လည်းကောင်းသယ်ယူပို့ဆောင်ရေးလမ်းများမှာ လွယ်ကူလျှင်မြန်ချောမွေ့မှုမရှိပေ။ သယ်ယူပို့ဆောင်ရေးခက်ခဲသဖြင့် လမ်းခရီးကြာချိန်များ ခန့်မှန်းမရသည့်အတွက် ကုန်ပစ္စည်းတင်ဆောင်ခများမြင့်တက်ခြင်းနှင့် ရင်ဆိုင်းကြရနိုင်သည်။

## ၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

### (က) ရည်မှန်းချက်ပန်းတိုင်

ကျွန်ုပ်တို့သည် ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်ရေဆွဲသည့်အဖွဲ့နှင့် ဆွေးနွေးမှုများ ပြုလုပ်၍ နောင်ငါးနှစ်အတွင်း လုပ်ကိုင်ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကိုအောက်ပါအတိုင်း ချမှတ်ခဲ့သည်။

(၁) စိတ်ချလုံခြုံရသော လူမှုပတ်ဝန်းကျင်နှင့် ပညာရေးအရည်အသွေးမြင့်မားသော လူသားအရင်းအမြစ်တိုးပွားလာနိုင်ရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီရရှိလာရေး

(၂) စိုက်ပျိုး၊ မွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်လာစေရန် နည်းပညာ၊ ငွေကြေးဝန်ဆောင်မှုများရရှိနိုင်လာရေး

(၃) လူထုအခြေပြုအဖွဲ့အစည်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ၏ အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုများတိုးတက်လာစေရေးနှင့် စွမ်းဆောင်ရည်ထက်မြက်လာရေး

### (ခ) နည်းဗျူဟာ

ကျွန်ုပ်တို့ချမှတ်ထားသော ရည်မှန်းချက်များရရှိရန်လုပ်ဆောင်ရမည့် အောက်ပါနည်းဗျူဟာများမှာ

(၁) ကျေးရွာအတွင်း အရည်အသွေးမြင့်သော ပညာတတ်များတိုးပွားလာစေရေးနှင့် လူငယ်များအတွက်လုံခြုံစိတ်ချရသော အထူးသဖြင့်မူးယစ်ကင်းစင်သော ပတ်ဝန်းကျင်ကောင်းတစ်ခုဖန်တီးလုပ်ဆောင်နိုင်ခြင်း

- မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ကျေးရွာမူးယစ်ကင်းစင်ဆောင်ရွက်မည့် ကော်မတီများ၏ အရည်အသွေးကိုမြှင့်တင်ခြင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲစခန်းမှနည်းပညာ အကူအညီများရယူ၍ မူးယစ်ဆေးဝါးတားဆီးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားခြင်း
- လူငယ်လူရွယ်များ ကြံ့ခိုင်ဖွံ့ဖြိုးလာစေရေးအတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်စုအောက်ရှိရွာမှ လူငယ်များစုပေါင်း၍ ဂီတ၊ အားကစားနှင့် အခြားသော လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များ လုပ်ငန်းအကောင်အထည်ဖော်လုပ်ဆောင်နိုင်မည့် သတင်းအရင်းအမြစ်များ နှင့် လုပ်ငန်းစဉ်များဖြင့် လုပ်ဆောင်သွားခြင်း
- ပညာရေးအဆောက်အဦးများပြုပြင်ခြင်းနှင့် ပညာတတ်မြောက်ခြင်း၏ အရေးပါမှုများကို သိရှိနားလည်အောင်ဆောင်ရွက်ခြင်း

(၂) သောက်သုံးရေသန့်ရရှိရေးနှင့် ခြေခံကျန်းမာရေးအသိများ တိုးတက်ရေးအတွက် ကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်းမီမှုတိုးတက်အောင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက ဦးဆောင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနသို့ တင်ပြခြင်း၊

(၃) သီးနှံထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ခြင်း၊ မွေးမြူရေးလုပ်ငန်းအား ဝင်ငွေရ လုပ်ငန်းအဖြစ် ဆောင်ရွက်ခြင်းနှင့် အခြားလုပ်ငန်းအခွင့်အလမ်းများသို့ လက်လှမ်းမီမှု တိုးတက်အောင်ဆောင်ရွက်ခြင်းတို့ဖြင့် ကျေးရွာလူထု၏ ဝင်ငွေတိုးတက်အောင်ဆောင် ရွက်ခြင်း

- စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များကို ကျေးရွာအရောက် ကျယ်ကျယ်ပြန့် ပြန့်ချိတ်ဆက်လုပ်ဆောင်နိုင်ရန် ဈေးကွက်ဗဟိုချက်အဖြစ် ကျေးရွာအုပ်စု (သို့မ ဟုတ်) မိုးညှင်းမြို့တွင် ကုန်စည်ဒိုင်များဖွင့်လှစ်၍ ဈေးကွက်လက်လှမ်းမီရန် ဆောင်ရွက်ခြင်း
- သီးနှံစိုက်ပျိုးရန် လိုအပ်သောရေသွယ်မြောင်းများပြုလုပ်ခြင်းနှင့် ရေစုပ်စက်၊ ရိတ်သိမ်းစက်စသည့် လုပ်ငန်းသုံးကိရိယာများဝယ်ယူရန် ကာလရှည်ချေးငွေဝန် ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများလက်လှမ်းမီအောင်ပြုလုပ်ခြင်း
- သီးနှံစိုက်ပျိုးချိန်တွင် ကျွဲ၊ နွား လွှတ်ကျောင်းခြင်းကို ထိန်းချုပ်ခြင်း ကျေးရွာအုပ် စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနများမှ နည်းပညာအကူအညီများရယူ၍ ကျွဲ၊ နွားစားကျက်ခြံ ပြုလုပ်ခြင်းကို ပံ့ပိုးကူညီခြင်း
- စိုက်ပျိုးရေးမျိုးစေ့များနှင့် မွေးမြူရေးမျိုးများမှာ အရည်အသွေးတဖြည်းဖြည်း လျော့ကျလာပြီဖြစ်သည်။ ထို့ကြောင့် မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် နည်းပ ညာနှင့် ဝန်ဆောင်မှုအကူအညီများရရှိရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင် အကောင်ထည်ဖော်ခြင်း၊
- တန်ဖိုးမြင့် သီးနှံများစမ်းသပ်စိုက် ပျိုးခြင်း၊ ရာသီအလိုက်ဖြစ်ပွားသော ရောဂါကာ ကွယ်ဆေးထိုးခြင်းများနှင့် လက်လှမ်းမီအောင် ဆောင်ရွက်ခြင်း
- ရွာသားများအလုပ်အကိုင်အခွင့်အလမ်းရရှိရန် အသက်မွေးဝမ်းကျောင်း သင်တန်း များပို့ချပေးနိုင်ခြင်းနှင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသောစက်မှုကုန်ကြမ်း သီးနှံများဖြစ်သည့် ရာဘာနှင့် စပါး၊ ပဲအမျိုးအစားများ၊ သစ်သီးသီးနှံများ၊ ဟင်း သီးဟင်းရွက်များတိုးတက် စိုက်ပျိုးထုတ်လုပ် နိုင်အောင် ဆောင်ရွက်ခြင်း

(၄) ကျေးရွာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်တိုးတက်အောင်ဆောင်ရွက်ခြင်း

မြို့နယ်အဆင့် သက်ဆိုင်ရာဌာနများ၏အကူအညီရရှိအောင်ဆောင်ရွက်ပြီး အောက်ပါ လုပ်ငန်းများကိုဆောင်ရွက်မည်။

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်းနှင့် ကျေးရွာအဖွဲ့အစည်းများကို အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း
- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အစီအစဉ်ရေးဆွဲခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ခြင်းများဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြ ထားပါသည်။ ဤသို့ဖော်ပြခြင်းဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်အထိ ပံ့ပိုးမှုပေးနိုင်မည့် စိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ် ပေးနိုင်မည်ဖြစ်ပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း၊ ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသူ ရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ထားသော ရည်မှန်းချက်များ ပြည့်မီအောင်ဆောင်ရွက်ရန် အချိန်မှန်ပြန်လည်သုံးသပ်မည့် အစီအစဉ်များပြုပြင်ရေးဆွဲခြင်း စသည်တို့ဆောင်ရွက်နိုင်ရန်အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

လယ်ဦးကျေးရွာရှိ ငွေကြေးဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ၏ ထုတ်ချေးပေးသောချေးငွေပမာဏသည် အလွန်နည်းပါးသဖြင့် လယ်သမား၊ ယာသမား၊ မွေးမြူရေး လုပ်ကိုင်သူများအတွက် မလုံလောက်သော ချေးငွေပမာဏဖြစ်သည့်အပြင် သတ်မှတ်ထားသော အချိန်ကာလများရှိခြင်းကြောင့် မွေးမြူရေး၊ စိုက်ပျိုးရေးလုပ်ရန် အကန့်အသတ်များ ရှိနေသည်။ လယ်သမားများမှာလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း မရှိကြသေးသည့်အတွက် ချေးငွေအလုံအလောက်ရရှိရန် အတိုးကြီးပေး၍ချေးယူကာ လယ်၊ ယာလုပ်ငန်းများကို လုပ်ကိုင်နေကြရသည်။ ဆင်းရဲသောတောင်သူများ၊ လက်လုပ်လက်စားများမှာ ငွေကြေးချေးယူရရှိရန်ခက်ခဲသည်။ သီးနှံနှင့် သားငါးကဏ္ဍတိုးတက်ထုတ်လုပ်နိုင်ရန်၊ မွေးမြူရေး ကာလရှည်ချေးငွေနှင့် လယ်၊ ယာလုပ်ငန်းချေးငွေ ဝန်ဆောင်မှုများကိုဒေသနှင့် ကိုက်ညီစွာဝန်ဆောင်မှုရရှိရန် လိုအပ်နေပါသည်။

### (ခ) အသက်မွေးဝမ်းကြောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ကျွန်ုပ်တို့ကျေးရွာတွင် သီးနှံထွက်ကုန်များ၊ မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရန်မြေဆီဩဇာအားကောင်းသော လယ်၊ ယာမြေများ ပေါများခြင်း၊ အိမ်ခြံဝင်းကျယ်များရှိခြင်းတို့

ကြောင့်ဒေသထွက်ကုန်ကြမ်းများကို အခြေခံသောတန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ် ရောင်းချနိုင်ရန်နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းသည်လည်း ကျေးရွာရှိလူသား အရင်းအမြစ်သုံးစွဲမှုကိုထိရောက်စွာအသုံးချနိုင်ရုံမက ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ များပြားလာသည်နှင့် အမျှတစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ပြန်လာ၍ လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများတိုးတက်လာစေပြီး မိသားစုပေါင်းစည်း နေထိုင်လုပ်ကိုင်နိုင်ခြင်းနှင့် စားနပ်ရိက္ခာဖူလုံမှုတိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှအထောက်အကူပြုနိုင်ပေမည်။ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဂန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဈေးကွက်အစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်တိုးတက်လာစေပါမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ေရာက်ရှိအောင် အောက်ခြေအထိလုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်းငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန်စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

## (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန်လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသောသဘာဝဘေးအန္တရာယ် သက်ရောက်မှုများမရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကိုပြုပြင်ရ လွယ်ကူစေသည်။ ဒေသတွင်းဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ငါးနှစ်တာအတွက်ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့်နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

## (ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအားကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့်သက်ဆိုင်သောစီမံကိန်းများကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည်စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

### ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional Classification)

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည် (က) မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊လျှပ်စစ်ကဏ္ဍစသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

### ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံကိန်းဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားဖြစ်သည်ကိုဖော်ပြခြင်းဖြစ်ပါသည်။

(၁) ငွေကြေး ရင်းနှီးမြှုပ်နှံမှုများ(Capital Investment) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသောရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းရည်မြှင့်တင်ရေး (Capacity Building) ဥပမာ-ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြှုပ်နှံမှု (ငွေကြေးရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) အရေးပေါ်အထောက်အပံ့

## (ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူကျေးရွာသားအုပ်စု (၄) စုထဲမှ (၁၀) ဦးကဦးစားပေးရမည့်စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကိုဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

**ဦးစားပေးစီမံကိန်းများနှင့် အကောင်ထည်ဖော်မည့်အချိန်ကာလ**

| လုပ်ငန်းကဏ္ဍများ | စီမံကိန်းများ | ရမှတ် | ဦးစားပေး အဆင့် | စီမံကိန်းလုပ်ဆောင်ချက်များ | မှတ်ချက် |
|---|---|---|---|---|---|
| **စိုက်ပျိုးရေး** | သီးနှံထုတ်လုပ်မှုတိုးတက်ရေးအတွက်နည်းပညာနှင့်ဝန်ဆောင်မှုများသို့လက်လှမ်းမီမှုတိုးတက်အောင်ဆောင်ရွက်ခြင်း | ၉၅ | ၁ | ➢ အဝီစိစက်ရေတွင်းနှင့်ရေလွှဲမြောင်းများပြုလုပ်ခြင်း<br>➢ မြေဆီလွှာထိန်းသိမ်းခြင်းနှင့် ပိုးမွှားရောဂါများထိန်းချုပ်ကာကွယ်ခြင်း၊မျိုးကောင်းမျိုးသန့်များရွေးချယ်ခြင်း<br>➢ မြို့နယ်နှင့်ကျေးရွာအုပ်စုတွင်ကုန်စည်သိုလှောင်ရုံနှင့်အဝယ်ဒိုင်များစသည့်ဝန်ဆောင်မှုများဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း<br>➢ ကုန်စည်ဝယ်ယူစုဆောင်းခြင်းနှင့်ရောင်းဝယ်မှုလုပ်ငန်းအခွင့်အလမ်းများရရှိအောင်ဆောင်ရွက်ခြင်း | **ကျေး/လက်ဦးစီး** |
| **ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု** | ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုများလက်လှမ်းမီအောင်ဆောင်ရွက်ခြင်း | ၈၈ | ၂ | ➢ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ကုန်ထုတ်လုပ်ငန်းများလုပ်ကိုင်နိုင်ရန်ကာလရှည်ချေးငွေဝန်ဆောင်မှုများရရှိရန်ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်အခြားကော်မတီများ၏လုပ်ငန်းစွမ်းဆောင်ရည်ကိုမြှင့်တင်ခြင်းဖြင့်ဘဏ်များကျေးရွာဖွံ့ဖြိုးရေးကော်မတီမှတဆင့်လုပ်ဆောင်သွားနိုင်မည်ဖြစ်သည် | **ကျေး/လက်ဦးစီး** |
| **ပညာရေး** | ပညာရေးအဆောက်အဦးများကောင်းမွန်လာရေးနှင့်ကလေးများအ | ၇၄ | ၃ | ➢ ကျောင်းကစားကွင်းပြုပြင်ခြင်း<br>➢ ကျောင်းဝင်တံတားပြုပြင်ခြင်း<br>➢ ကျောင်းမျက်နှာကျက်တပ်ဆင်ခြင်း | |

| လုပ်ငန်းကဏ္ဍများ | စီမံကိန်းများ | ရမှတ် | ဦးစားပေးအဆင့် | စီမံကိန်းလုပ်ဆောင်ချက်များ | မှတ်ချက် |
|---|---|---|---|---|---|
| | တွက်ကျန်းမာပျော်ရွှင်သောဝန်းကျင်ဖန်တီးခြင်း | | | ➢ ကျောင်းအိမ်သာရေပိုက်သွယ်ခြင်း<br>➢ ကျောင်းအလံတိုင်ပြုပြင်ခြင်း<br>➢ ကျောင်းစည်းရိုးကာရံခြင်း | |
| **ကျန်းမာရေး** | အခြေခံကျန်းမာရေးဝန်ဆောင်မှုများရရှိအောင်ဆောင်ရွက်ခြင်း | ၇၁ | ၄ | ➢ အရေးပေါ်ကျန်းမာရေးပြဿနာပေါ်ပေါက်လာပါကကူညီရန်<br>➢ ကူးစက်ရောဂါများဖြစ်ပွားရခြင်းနှင့်သက်ဆိုင်သောကျန်းမာရေးပညာပေးဟောပြောပွဲများပြုလုပ်ခြင်း<br>➢ သောက်သုံးရေသန့်ရရှိအောင်ဆောင်ရွက်ခြင်း | |
| **လူငယ်နှင့်ယဉ်ကျေးမှု** | မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ခြင်း | ၇၀ | ၅ | ➢ မူးယစ်ဆေးဝါးတိုက်ဖျက်ရန်ကျေးရွာအဖွဲ့အစည်းများ၏စွမ်းဆောင်ရည်မြှင့်တင်ခြင်း<br>➢ အားကစားရန်ပုံငွေများထူထောင်ခြင်း<br>➢ စာပေနှင့်ယဉ်ကျေးမှုဟောပြောပွဲများပြုလုပ်ခြင်း | |
| **အဖွဲ့အစည်းဆိုင်ရာစီမံအုပ်ချုပ်မှု** | ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အဖွဲ့အစည်းစနစ်များတိုးတက်အောင်ဆောင်ရွက်ခြင်း | ၆၈ | ၆ | ➢ ကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့များ၏စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြှင့်တင်ခြင်း | **ကျေး/လက်ဦးစီး** |
| **စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ** | အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင်ဆောင်ရွက်ခြင်း | ၄၂ | ၇ | ➢ ဆီစက်၊ဆန်စက်များတည်ထောင်ခြင်း၊ပဲအမျိုးမျိုးနှင့်တန်ဖိုးမြှင့်သီးနှံဟင်းသီးဟင်းရွက်များကိုအခြေခံသောကုန်သွယ်မှုဆိုင်ရာနှင့်အသက်မွေးဝမ်းကျောင်းပညာရပ်များကိုသင်ကြားရန်လိုအပ်ခြင်း | **ကျေး/လက်ဦးစီး** |

| လုပ်ငန်းကဏ္ဍများ | စီမံကိန်းများ | ရမှတ် | ဦးစားပေး အဆင့် | စီမံကိန်းလုပ်ဆောင်ချက်များ | မှတ်ချက် |
|---|---|---|---|---|---|
| **မွေးမြူရေး** | နွား၊ဝက်၊ဥစားကြက်၊ အသားစားကြက်မွေး မြူရေးကိုနည်းပညာ များထည့်သွင်း၍စီးပွား ဖြစ်ထုတ်လုပ်နိုင် အောင်ဆောင်ရွက်ခြင်း | **၂၃** | **၈** | မွေးမြူရေးဆိုင်ရာကျွမ်းကျင်မှုနှင့်အတတ်ပညာဗဟုသုတ များတိုးပွားလာ ကြက်၊ ဝက်<br>➢ မွေးမြူရေးဆိုင်ရာကျွမ်းကျင်မှုနှင့်အသိပညာဗဟုသုတ များတိုးပွားလာစေခြင်း<br>➢ နွား၊ ကြက်၊ ဝက် ကာကွယ်ဆေးထိုးခြင်းနှင့် ကျွဲ၊နွား စားကျက်မြေရရှိရေး<br>➢ ဒေသအတွင်းရှိကျွဲ၊နွားများကိုစားကျက်မြေနေရာအစီ အစဉ်များပြုလုပ်ခြင်း | **ကျေး/လက်ဦးစီး** |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင်ဖော်ပြထားပါသည်။

| စဉ် | စီမံချက် (Project) | ဦးစားပေးအဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | စိုက်ပျိုးရေရရှိအောင်ဆောင်ရွက်ခြင်း၊ နည်းပညာဖြင့်စိုက်ပျိုးနည်းစနစ်များဆောင်ရွက်ခြင်း၊ နွားစားကျက်မြေရရှိရေးအတွက်ပူးပေါင်းဆောင်ရွက်ခြင်း၊ | ၁ | ✔ | ✔ | ✔ | | |
| ၂ | ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှုများလက်လှမ်းမီအောင်ဆောင်ရွက်ခြင်း | ၂ | ✔ | ✔ | ✔ | ✔ | ✔ |
| ၃ | ပညာရေးအဆောက်အဦးများကောင်းမွန်လာရေးနှင့်ကလေးများအတွက်ကျန်းမာပျော်ရွှင်သောဝန်းကျင်ဖန်တီးခြင်း၊ | ၃ | ✔ | ✔ | ✔ | | |
| ၄ | အခြေခံကျန်းမာရေးဝန်ဆောင်မှုများလက်လှမ်းမီအောင်ဆောင်ရွက်ခြင်း၊ | ၄ | ✔ | ✔ | ✔ | ✔ | ✔ |
| ၅ | မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတွင်ပူးပေါင်းဆောင်ရွက်ခြင်း | ၅ | ✔ | ✔ | ✔ | ✔ | ✔ |
| ၆ | ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အဖွဲ့အစည်းစနစ်များတိုးတက်အောင်ဆောင်ရွက်ခြင်း | ၆ | ✔ | ✔ | ✔ | ✔ | ✔ |
| ၇ | အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ခြင်း | ၇ | ✔ | ✔ | ✔ | ✔ | |
| ၈ | နွား၊ဝက်၊ဥစားကြက်၊အသားစားကြက်မွေးမြူရေးကိုနည်းပညာများထည့်သွင်း၍စီးပွားဖြစ်ထုတ်လုပ်နိုင်အောင်ဆောင်ရွက်ခြင်း | ၈ | ✔ | ✔ | ✔ | | |

## (၉) ဘက်ဂျက် နှင့် ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ်ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့်ဘက်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန်လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှထည့်ဝင်သော လုပ်သားအင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိပါ။

**စီမံချက် ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | စိုက်ပျိုးရေရရှိအောင်ဆောင်ရွက်ခြင်း၊ နည်းပညာဖြင့်စိုက်ပျိုးနည်းစနစ်များဆောင်ရွက်ခြင်း၊ နွားစားကျက်မြေရရှိရေးအတွက်ပူးပေါင်းဆောင်ရွက်ခြင်း၊ | | | | | |
| ၂ | ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုများလက်လှမ်းမီအောင်ဆောင်ရွက်ခြင်း | | | | | |
| ၃ | ပညာရေးအဆောက်အဦးများကောင်းမွန်လာရေးနှင့်ကလေးများအတွက်ကျန်းမာပျော်ရွှင်သောဝန်းကျင်ဖန်တီးခြင်း၊ | | | | | |
| ၄ | အခြေခံကျန်းမာရေးဝန်ဆောင်မှုများလက်လှမ်းမီအောင်ဆောင်ရွက်ခြင်း၊ | | | | | |
| ၅ | မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင်ပူးပေါင်းဆောင်ရွက်ခြင်း | | | | | |
| ၆ | ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အဖွဲ့အစည်းစနစ်များတိုးတက်အောင်ဆောင်ရွက်ခြင်း | | | | | |

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၇ | အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ခြင်း | | | | | |
| ၈ | နွား၊ဝက်၊ဥစားကြက်၊အသားစားကြက်မွေးမြူရေးကိုနည်းပညာများထည့်သွင်း၍စီးပွားဖြစ်ထုတ်လုပ်နိုင်အောင်ဆောင်ရွက်ခြင်း | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်းရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့ နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက်လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့်ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အကောင်အထည်ဖေါ်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

## (က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့်ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃) လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း (indicator)များ ဖြစ်ပါမည်။ (၃) လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၎င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

### (က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသောအခက်အခဲ၊ အဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

### (ခ) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီအထောက်အပံ့များစသည်တို့ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာကဖိတ်ကြား အသိပေးတင်ပြနိုင်သောအခွင့်အလမ်းများဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ(ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## (၁) ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % | ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၁ | ၆ | ၇ | ၂ % | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၁၃ | ၇ | ၂၀ | ၇ % | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၁၇ | ၁၁ | ၂၈ | ၁၀ % | မူလတန်းကျောင်းသားအရွယ် |
| ၁၀ နှစ်မှ ၁၄နှစ် | ၁၀ | ၈ | ၁၈ | ၆ % | အလယ်တန်းကျောင်းသား အရွယ် |
| ၁၅ နှစ်မှ ၆၀ နှစ် | ၉၉ | ၁၁၂ | ၂၁၁ | ၇၂ % | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀ နှစ် နှင့်အထက် | ၄ | ၆ | ၁၀ | ၃ % | ကျေးရွာတွင်ရပ်မိရပ်ဖအဖြစ် လုပ်ဆောင်နေခြင်း |
| **စုစုပေါင်း** | **၁၄၄** | **၁၅၀** | **၂၉၄** | **၁၀၀ %** | |
| **အိမ်ထောင်စုပေါင်း (၅၀)** | | | **တစ်အိမ်ထောင်စု ပျှမ်းမျှလူဦးရေ (၅-၈)ဦး** | | |

**ရည်ညွှန်း-** ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်းမှရရှိသောသတင်းအချက်အလက်များ (၂၃-၂၅ ရက်၊ ဩဂုတ် လ၊ ၂၀၁၅နှစ်)

**လေ့လာတွေ့ရှိချက်။** အိမ်ခြေ (၅၀) တွင် လူဦးရေစုစုပေါင်း (၂၉၄) တွင် အလုပ်လုပ်နိုင်သောရာခိုင်နှုန်းမှာ (၇၂) ရာခိုင်နှုန်းရှိသဖြင့် လုပ်သားအင်အားများသည်ဟုယူဆနိုင်ပါသည်။ သို့သော်လယ်ယာလုပ်ငန်းတစ်ခုတည်းသာလုပ်ကိုင်သဖြင့် အခြားဝင်ငွေရလုပ်ငန်းများတွင် လုပ်ကိုင်ရန်ကျွမ်းကျင်မှုမရှိပေ။

### (၁.၂) လုပ်သားအင်အား

ဇယား (၂) လုပ်သားအင်အား

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ***စိုက်ပျိုးရေး (သီးနှံထုတ်လုပ်ရေး)*** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃၃ | ၆၆% | | လယ်ယာလုပ်ကိုင်သောအိမ်ထောင်စု |
| | လုပ်သား(အငှား၊ဝန်ထမ်း) | ၁၇ | ၃၄% | | လယ်ငှားလုပ်ကိုင်ခြင်း၊နေ့စားလုပ်ကိုင်ခြင်း၊ |
| | မိသားစုဝင် လုပ်အား | | | | |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၂ | ***တိရိစ္ဆာန် မွေးမြူရေး*** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | ၄၁ | နွား၊ကြက်၊ဝက်များကိုမွေးမြူကြသည် |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၃ | ***ငါးဖမ်း လုပ်ငန်း*** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၄ | ***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း*** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၆ | ***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး*** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၇ | ***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း*** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | ၁ | ပန်းရံ၊လက်သမား |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | ၇ | ပန်းရံ၊လက်သမား |
| | မိသားစုဝင် လုပ်အား | | | | |
| ၈ | ***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး*** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၉ | ***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)*** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | ၂ | အဝတ်ချုပ် |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင် လုပ်အား | | | | |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁၀ | *လက်လီ-လက်ကား ရောင်းဝယ်ရေး* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | ၂ | အိမ်ဈေးဆိုင် |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | ၁ | သီးနှံ အဝယ်တော် |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၁ | *ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၂ | *ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | ၃ | ထော်လာဂျီ ၃၊ |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | ၁ | လိုင်းကားအငှားမောင်းသူ |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၃ | *ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၄ | *အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၅ | *ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၆ | *ပညာရေး* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | ၂ | ကျောင်း ဆရာမ |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၇ | *ကျန်းမာရေး* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင် လုပ်အား | | | | |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁၈ | *လူမှုရေး လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၉ | *အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၂၀ | *ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | |
| | လုပ်သား(အငှား၊ဝန်ထမ်း) | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| | **စုစုပေါင်း** | ၅၀ | ၁၀၀% | | |

**ရည်ညွှန်း။** ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၂၃-၂၅ ရက်၊ ဩဂုတ် လ၊ ၂၀၁၅နှစ်)

**လေ့လာတွေ့ရှိချက်။** မြေမဲ့ယာမဲ့(၁၇)အိမ်သည် တစ်ပိုင်တစ်နိုင်မွေးမြူရေး လုပ်ငန်းလုပ်ကိုင်ခြင်း၊ နေ့စားလုပ်ကိုင်ခြင်း၊ တောတောင်ထဲမှ ဟင်းသီးဟင်းရွက်ခူးရောင်းခြင်းစသည့်တို့ဖြင့် ဝမ်းစာရှာဖွေလုပ်ကိုင်စားသောက်ကြပါသည်။ ဝင်ငွေရလုပ်ငန်းလုပ်ကိုင်နိုင်ရန် အသက်မွေးဝမ်းကျောင်းသင်တန်းများလိုအပ်ပါသည်။

## (၁.၃) စိုက်ပျိုးနိုင်သောမြေဧရိယာ

### (၁.၃.၁) ကျေးရွာ၏စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၃) ကျေးရွာ၏စိုက်ပျိုးနိုင်သောမြေဧရိယာ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| ယာမြေ | ၃၃ | ကောင်း | မရ | |
| ဥယျာဉ်ခြံမြေ | ၂ | ကောင်း | မရ | |
| လယ်မြေ | ၂၅၆ | ကောင်း | မရ | |
| **စုစုပေါင်း** | **၁၀၆၀.၅** | | | |

**ရည်ညွှန်း။** ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၂၃-၂၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

**လေ့လာတွေ့ရှိချက်။** လယ်မြေဧက (၂၅၆) ဧကမှာ လယ်ဦးကျေးရွာသူ/ သားများပိုင်ဆိုင်သောလယ်များဖြစ်သည်။ မိုးရေကိုအဓိကအားထားနေကြရသည်။ ယခင်က နန့်ယုန်ချောင်းဆည်မှဧက (၁၀၀) ခန့်ဆည်ရေရရှိခဲ့သော်လည်း ဆည်ပျက်ပြီးနောက်ပိုင်းရေမရရှိတော့ပါ။ ယခုနှစ်တွင် ဆည်ပြန်လည်ပြုပြင်နေသဖြင့် စိုက်ပျိုးရေပြန်လည်ရရှိနိုင်ဖွယ်ရှိသည်။ လက်ရှိတွင် လယ်မြေ (၂၅၆) ဧကနှင့်နှမ်း၊ မြေပဲ၊ မုန်ညှင်းများစိုက်သော ယာမြေ (၃၃)ဧက၊ သံပုရာအနည်းငယ် စိုက်ပျိုးသော ဥယျာဉ်ခြံ (၂) ဧကတို့မှာ မြေသားကောင်းသော်လည်း ရေမရရှိသဖြင့် သီးနှံအထွက်နှုန်း လျော့ကျနေသည်။

### ၁.၃.၂ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၄) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန်(ဓါတ်ငွေ့/ရေနံ) | မရှိ | |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊သဲ) စသည့် | သဲ(နည်း) | လွယ် |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရိစ္ဆာန်မျိုးစိတ်များ | သင့် | လက်လှမ်းမီ |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့် | လက်လှမ်းမီ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

**မှတ်ချက်။** ။ သဲကိုနန့်ယုန်ချောင်းမှရရှိပါသည်။ ကျေးရွာရှိအိမ်ဆောက်ရန်နှင့် ဘုန်းကြီးကျောင်းဆောက်ရန် စသည့်အတွက် အနည်းငယ်သာထုတ်ယူနိုင်ပါသည်။ စီးပွားဖြစ်မထုတ်ယူနိုင်ပါ။ တိရိစ္ဆာန် မျိုးစိတ်များနှင့် ဆေးဖက်ဂင်အပင်များမှာ တဖြည်းဖြည်း လျော့နည်းလာပြီးဖြစ်သည်။

## ၁.၄ ဥစ္စာဓနအဆင့်အနေအထား

ဇယား (၅)ဥစ္စာဓနအဆင်အခြေအနေ

| | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | လယ်ဧက(၁၀)နှင့် အထက်၊ယာခင်း (၃)ဧကအထက်၊ | လယ်(၈)ဧကနှင့် ၅ဧကပိုင်ဆိုင်သူ | လယ်ယာ ၅ဧက အောက် | မြေမဲ့ယာမဲ့ |

| | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| အိမ်အခြေအနေ | သွပ်မိုး၊ပျဉ်ခင်း၊ | သွပ်မိုး၊ပျဉ်ခင်း၊ပျဉ် ကာ၊(သို့)ထရံကာ | သွပ်မိုး၊ပျဉ်ခင်း၊ ပျဉ်ကာ၊ထရံ ကာ၊သပ်သပ် ရပ်ရပ် မရှိ | တဲအိမ် |
| လုပ်ငန်းသုံး ကိရိယာပိုင်ဆိုင် မှု | နွား(၁၀)ကောင် လယ်ယာသုံးကိရိ ယာပိုင်ဆိုင်မှုရှိ၊ | နွား(၃)ကောင်မှ (၈)ကောင်အထိ၊ ယာခင်း(၁)ဧကမှ (၂)ဧကအထိ | နွား(၂)ကောင်၊ | လက်လုပ် လက်စား |
| ကုန်ထုတ်လုပ်မှု နှင့် မဆိုင်သော ပိုင်ဆိုင်မှု | လိုင်းကား၊ လက်တွန်းထွန် စက်၊ဆိုင်ကယ်၊ လျှပ်စစ်မီးရှိ | ဆိုင်ကယ်၊ လက်တွန်းထွန်စက်၊ လျှပ်စစ်မီးရှိ | ဆိုင်ကယ်ရှိ၊ လျှပ်စစ်မီးရှိ | - |
| **စုစုပေါင်းအိမ် ခြေ ၁၀၀%** | **(၃)၆%** | **(၂၀) ၄၀%** | **(၁၀) ၂၀%** | **(၁၇) ၃၄%** |

ရည်ညွှန်း ။ ကျေးရွာအခြေအနေကို ကျေးရွာသူ၊ရွာသားများကိုယ်တိုင် ဆွေးနွေးဖော်ထုတ်ခြင်း ( ၂၃-၂၅ ရက်၊ ဩဂုတ် လ၊ ၂၀၁၅နှစ်)

မှတ်ချက်။ ။ ဆင်းရဲသော အိမ်ထောင်စု (၅၄)ရာခိုင်နှုန်းရှိသည်။ အဆင်ပြေသော အိမ်ထောင်စုနှင့် အလယ်အလတ် အိမ်ထောင်စု (၄၆)ရာခိုင်နှုန်းရှိသည်။

**ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှုအခြေအနေ**

**၁.၅.၁ ဝမ်းစာဖူလုံမှု**

ဇယား (၆ ) ဝမ်းစာဖူလုံမှုအခြေအနေ

တစ်ရွာလုံးတွင် (ဂ)အဆင့်နှင့်(ဃ)အဆင့်(၂၇)အိမ်မှ အိမ်ထောင်စု (၁၉)အိမ်ကို စစ်တမ်းကောက်ယူ၍ ကျေးရွာရှိ ဆင်းရဲချို့တဲ့သူများအားလုံး၏ အခြေအနေကို ခြုံငုံသုံးသပ်ကာ၍ အောက်တွင် ဖော်ပြထားသော ထားသည်။

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | – | – | မရှိ |
| ၃ လနှင့် ၅ လအထိ | – | – | မရှိ |
| ၆လ မှ ၁၂ လအထိ | ၂၇ | ၁၀၀% | ဝမ်းစာအတွက်ဆွေမျိုးများ ထံတွင် ငွေချေးကြရသည်။ |
| **စုစုပေါင်း** | **၂၇** | **၁၀၀%** | |

ရည်ညွှန်း။တစ်အိမ်ထောင်ချင်းအလိုက်စစ်တမ်းကောက်ယူထားသော သတင်းအချက်အလက်များ ( ၂၃-၂၅ ရက်၊ ဩဂုတ် လ၊ ၂၀၁၅နှစ်)

ဆင်းရဲနှင့် အလွန်ဆင်းရဲမိသားစုများ၏ ချေးငှားခြင်းမရှိဝမ်းစာ ရှာဖွေ စားသောက်နိုင်သော ကာလများမှာ (၅%)သည် (၆)လထိ၊ (၁၀.၅%) မှာ (၇)အထိ ၊ (၁၀.၅%)မှာ (၉)လနှင့် ကျန် (၂၁%)သည် (၁၁)လနှင့် ကျန်အိမ်ထောင်စု(၅၃%))မှာ (၁၂)လထိချေးငှားခြင်း မရှိဝမ်းစာ ဖူလုံကြသည်။ ငွေချေးရသည့် အကြောင်းမှာ အစားသုံးရန် (၂၁%)၊ ကျန်းမာရေး(၁၆%)၊ ပညာရေး (၅%)၊ လုပ်ငန်းသုံးစက်ကိရိယာဝယ်ယူခြင်း(၃၇%)တို့ဖြင့် အကြွေးတင်ကြရသည်။ ငွေချေးယူနိုင်သောနေရာများမှာ ဆွေမျိုးမိတ်ဆွေများ၊ ငွေတိုးချေးစားသူ၊ အပေါင်ဆိုင်၊ အစိုးရဘဏ်၊ စပါးစိမ်းယူခြင်း၊ ကြာကြီးကွင်းရှိ ဆန်ဆိုင်တွင် ဆန်ကို ကာလပေါက်ဈေးထက်ပိုကာ အတိုးဈေးဖြင့် ဝယ်ယူစားကြရသည်။

## ၁.၅ ထိခိုက်လွယ်မှု

### ၁.၅.၂ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

ဇယား (၇ ) ကူညီစောင့်ရှောက်မှုအထိုးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ရှင်းလင်းချက်/ ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက် | မိသားစုစောင့်ရှောက်မှု မရှိ | ၁ | ၁ | ၂ |

ရည်ညွှန်း။ကျေးရွာအခြေအနေကို ကျေးရွာသူ၊ရွာသားများကိုယ်တိုင် ဆွေးနွေးဖော်ထုတ်ခြင်း( ၂၃-၂၅ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ )

သက်ကြီးရွယ်အို အဘိုးအဘွား(၂)ဦးမှာ လင်မယားဖြစ်ပြီး သားသမီးများ၏ အထောက်အပံ့ မရရှိကြပေ။ ဝါးခြင်းယက်လုပ်ခြင်းဖြင့် အသက်မွေးကြရ၍ စားနပ်ရိက္ခာ အခက်အခဲရှိပါသည်။ ကျန်းမာရေးနေထိုင်မကောင်းဖြစ်ပါက ရပ်ရွာမှထောက်ပံ့ပေးသော်လည်း လုံလောက်မှုမရှိသဖြင့် အခက်အခဲနှင့်ကြုံရပါသည်။ မှဆိုးဖိုနှင့်တစ်ခုလပ်မရှိပါ။

### ၁.၅.၃ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား ( ၈) ထိခိုက်လွယ်မှုအမျိုးအစားများ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | အလွန်ဆင်းရဲမိသားစုများအနေဖြင့် ထိခိုက်မှုရှိပါသည်၊ |
| ၂ | သဘာဝအရင်းအမြစ်ရှား ပါးမှု(မြေ၊စိုက်ပျိုးရေ...) | နိမ့် | ဆည်မြောင်းမှရေမရရှိသော်လည်း မြေအောက်ရေရရှိနိုင်သည် |
| ၃ | ရေကြီးခြင်း | နိမ့် | မြစ်ချောင်းများနှင့်ဝေးကွာသည် |
| ၄ | မိုးခေါင်ခြင်း | နိမ့် | စိုက်ပျိုးရန် မိုးရေရရှိမှုအခြေအနေ ကောင်းမွန်သည် |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၅ | မုန်တိုင်း | လတ် | (၂၀၁၁)ခုနှစ်တွင်မုန်တိုင်း တစ်ကြိမ်တိုက်ခတ်၍ အိမ်(၃)အိမ်ပြိုကျပြီး (၂)အိမ်ထိခိုက်ခဲ့ရသည်။ |
| ၆ | ငလျင် | နိမ့် | ငလျင်လှုပ် ခဲ့သော်လည်း ပျက်စီးဆုံးရှုံးမှုမရှိခဲ့ပေ။ |
| ၇ | မီးဘေး | နိမ့် | မီးလောင်မှုတစ်ကြိမ်ရှိခဲ့ဖူးသည် ပျက်စီးဆုံးရှုံးမှုနည်းပါသည်။ |
| ၈ | သစ်တောပြုန်းတီးခြင်း | မြင့် | ထင်းဖြင့်ချက်ပြုတ်စားသောက်ခြင်း၊ သစ်၊ဝါးခုတ်ခြင်းတို့ကြောင့် သစ်တောများတဖြည်းဖြည်းလျော့နည်းလာပြီဖြစ်သည်။ |
| ၉ | တီဘီရောဂါ | လတ် | ဆေးသောက်နေရသူများရှိသဖြင့် တီဘီရောဂါအသင့်အတင့်ကူးစက်မှုရှိနိုင်ပါသည် |
| ၁၀ | ကိုယ်ခံအားကျဆင်းမှု ရောဂါ | နည်း | ဆေးသောက်သူတစ်ဦးရှိသဖြင့်ထိခိုက်မှုနည်းပါသည်။ |
| ၁၁ | မူးယစ်ဆေး | လတ် | အများအားဖြင့်လူငယ်များဖြစ်သည် |
| ၁၂ | ဒေသတွင်းပဋိပက္ခ | နိမ့် | လုံခြုံစိတ်ချစွာ သွားလာလုပ်ကိုင်နိုင်ပါသည် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ( ၂၃-၂၅ ရက်၊ ဩဂုတ် လ၊ ၂၀၁၅)

### ၁.၅.၄ မည်သူတို့သည် ထိခိုက်လွယ်ကြသနည်း

ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | မူးယစ်ဆေးဝါးအားအနည်းငယ်သုံးစွဲသူများရှိသဖြင့် အချိန်မရွေး ထိခိုက်နိုင် ပါသည်။ |
| ၂ | အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု | နိမ့် | ဝမ်းစာဖူလုံမှုအတွက် ကြိုးပမ်းနေရခြင်းကြောင့် ကျန်းမာရေးနှင့် ပညာရေးစရိတ် ထိခိုက်နိုင်ပါသည်။ |
| ၃ | မြေယာမဲ့၊ဆင်းရဲသား တောင်သူ | လတ် | စားဝတ်နေရေးအတွက် ပုံမှန်ဝင်ငွေရလုပ်ငန်းမရှိခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅ ရက်၊ ဩဂုတ် လ၊ ၂၀၁၅)

မှတ်ချက်။ ။ လယ်ဦးကျေးရွာတွင်ထိခိုက်လွယ်သောအုပ်စုမှာလူငယ်၊ လက်လုပ်လက်စား၊ ကျပန်းများနှင့်ဘဝလုံခြုံမှုမရှိသော ဒေသများသို့ အလုပ်သွားရောက်လုပ်ကိုင်ကြ သူများဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျန်းမာရေးဟောပြောပွဲများမရှိခြင်း မူးယစ်ဆေးဝါးသုံးစွဲမှု အနည်းငယ် ရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ကူးစက်ရောဂါဖြစ်ပွားမှု အနည်းငယ်ရှိခြင်း များရှိသည်။

## ၂ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### ၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

### ၂.၁.၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၀ ) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့ စည်းသူများ (၄/၅) | စွမ်းဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | အရံမီးသတ် အဖွဲ့ | ၂ | ၁၀ | - | ၁၀ | မီးဘေး လျှော့ချ ရေး | ၅ | ၇ |
| ၂ | ကျောင်း အကျိုးတော် ဆောင်အဖွဲ့ | ၂ | ၅ | - | ၅ | ပညာရေး | ၄ | ၇ |
| ၃ | ဂေါပကအဖွဲ့ | ၃ | ၇ | - | ၇ | | ၄ | ၆ |
| ၄ | အမျိုးသမီးနှင့် မိခင် နှင့်ကလေး | ၂ | - | ၄ | ၄ | မိခင်နှင့် ကလေး ကျန်းမာ ရေး | ၄ | ၇ |
| ၅ | ပေါ်ခိန်မယ်ခိန် (ခေါ်) အိမ်ထောင်သ ည် အမျိုးသား အမျိုးသမီး များအဖွဲ့ | ၂ | ၁၀ | ၇ | ၁၇ | သာရေး နာရေး ကူညီပေး ခြင်း | ၄ | ၆ |
| ၆ | လူငယ်အဖွဲ့ | ၂ | ၁ | ၁ | ၂ | ။ | ၄ | ၇ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့ စည်းသူများ (၄/၅) | စွမ်းဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၇ | ဓမ္မစကြာအဖွဲ့ | ၃ | - | ၂ | ၂ | ဘာသာ ရေး | ၄ | ၇ |
| ၈ | အားကစား အဖွဲ့ | ၂ | - | ၄ | ၄ | လူငယ် ဖွံ့ဖြိုးရေး | ၄ | ၇ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များမှကောက်ယူပါသည်။ (၂၃-၂၅ရက်၊ဩဂုတ် လ၊၂၀၁၅)

လယ်ဦးကျေးရွာတွင် လူမှုရေးနှင့်ဘာသာရေးအဖွဲ့အစည်းများ အားကောင်းသော်လည်း၊ စီးပွားရေးဖွံ့ဖြိုးရေးအတွက် ဦးဆောင်ဦးရွက်မည့် အဖွဲ့အစည်းမရှိသေးပါ။ ထို့ကြောင့်ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရန် အဖွဲ့အစည်း ဆိုင်ရာ စီမံခန့်ခွဲမှု၊ သဘောတရားရေးရာသင်တန်းများလိုအပ်ပါသည်။

**မှတ်ချက်။**

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

### ၂.၁.၂ ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| – | – | – | – |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ မှကောက်ယူပါသည်။ ( ၂၃-၂၅ ရက်၊ ဩဂုတ် လ၊၂၀၁၅)

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

## ၂.၂ စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊

### ၂.၂.၁ စိုက်ပျိုးရေးသီးနှံ

#### ၂.၂.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့် အိမ်ထောင်စု

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၇ | ၃၄ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် (၁ဟတ်တာထိ) | ၄ | ၈ | ယာ တစ်ဧကသာပိုင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၆ | ၁၂ | တောင်သူငယ် |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ) | ၂၀ | ၄၀ | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့်အထက်) | ၃ | ၆ | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | **၅၀** | **၁၀၀** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို တစ်အိမ်ချင်းစီကောက်ယူရရှိခဲ့သော စာရင်းများအပေါ် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅ ရက်၊ ဩဂုတ် လ၊ ၂၀၁၅)

### ၂.၂.၁.၂ အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် (ပြုပြင်ဆဲ) | အစိုးရ | (၁၀၀)ဧကခန့် | တစ်နှစ်ပတ်လုံးရေရရှိနိုင်သည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ မှကောက်ယူပါသည်။ (၂၃-၂၅ ရက်၊ ဩဂုတ် လ၊၂၀၁၅) ခုနှစ်

မှတ်ချက်။ ။ ယခင်ကနန့်ယုန်ချောင်းဆည်မှ ဧက(၁၀၀)ခန့် ရေသွင်းစိုက်ပျိုးနိုင်ပါသည်။ ဆည်ပျက်စီးပြီးနောက် မိုးရေကိုသာ အားထားနေကြရသည်။ ယခုနှစ်တွင်ဆည် ပြန်လည်ပြုပြင်နေသည်။

### ၂.၃.၁.၃ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု | | | သီးနှံ စိုက်ပျိုးသည့် ကာလ | သွင်းအား စုလိုအပ်ချက် (နိမ့်/ လတ်/မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | | | | |
| စပါး | ၂၅၆ | တင်း | ၆၀ | ၁၀၀ | ၈၀ | ဇွန်လမှ ဩဂုတ်လဆန်း | မြင့် | လတ် | |

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု | | | သီးနှံ စိုက်ပျိုးသည့် ကာလ | သွင်းအား စုလိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | | | | |
| မြေပဲ | ၁၄၉ | တင်း | ၂၅ | ၅၀ | ၃၀ | အောက်တိုဘာလမှ မတ်လ | မြင့် | နိမ့် | |
| နှမ်း | ၄၆ | တင်း | ၅ | ၁၂ | ၇ | အောက်တိုဘာလမှ မတ်လ | နိမ့် | မြင့် | |
| မုန်ညှင်း | ၃၃ ခန့် | တင်း | | ၂၀ | ၁၅ | အောက်တိုဘာလ | နိမ့် | မြင့် | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅ ရက်၊ ဩဂုတ် လ၊၂၀၁၅)

## ၂.၂.၁.၄ လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
(လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သောအိမ်ထောင်စုများ)

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင် ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | ၃ | - | သုံးအိမ်တွင် ထွန်စက်(၃)စီးရှိပါသည်။ |
| လက်တွန်းထွန်စက် | ၁၁ | - | |
| ခြွေလှေ့စက် | ၂ | - | ခြွေလှေ့စက်(၂)စီးအား နှစ်အိမ်ထောင်စုမှ ပိုင်ဆိုင်ပါသည်။ |
| ရေစုပ်စက် | ၆ | - | အိမ်ထောင်စုခြောက်စုမှ ပိုင်ဆိုင်ပါသည်။ |

ရည်ညွှန်း– ကျေးရွာအခြေအနေကို တစ်အိမ်တက်ဆင်းကောက်ယူခဲ့သော အခြေခံ စာရင်းများမှ ရရှိသော သတင်းအချက်အလက်များဖြစ်သည်။ ( ၂၃-၂၅ ရက်၊ ဩဂုတ် လ၊၂၀၁၅) ခုနှစ်

### ၂.၂.၁.၅ သီးနှံထုတ်လုပ်မှုတိုးတက်စေနိုင်သည့်အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊သြဇာ) | ရှိ | (၁)ကေလျှင်ပျှမ်းမျှတင်း(၈၀)ထွက်သဖြင့် မြေသြဇာအသင့်အတင့်ကောင်းမွန်သည်။ |
| ရေအရင်းအမြစ် | ရှိ | မိုးရေရရှိခြင်း၊ရေတွင်းများရှိခြင်း။ မကြာမီ ရေလွှဲဆည်မှရေ ရရှိနိုင်တော့မည်ဖြစ်သည်။ |
| သဘာဝမြေဆွေး၊ သြဂဲနစ် | ရှိ | နွားချေး၊စပါးခွံ၊မြေပဲပင်၊ကောက်ရိုးမှုန့်၊ နှမ်းပင် ခြောက်များမှ သဘာဝမြေဆွေးများ ရရှိနိုင် ပါသည်။ |
| သြဂဲနစ်ပိုးသတ်ဆေး | မရှိ | |
| ချေးငွေရရှိမှု | ရှိ | လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်သမအသင်းတို့မှစိုက် ပျိုးရေးအတွက်ချေးငွေရရှိသည်။ |
| သွင်းအားစုဈေးကွက် | ရှိ | ဟိုပင်မြို့နှင့်မိုးညှင်းမြို့တို့တွင်မျိုးစေ့၊မြေသြဇာ၊ ပိုးသတ်ဆေးများဝယ်ယူနိုင်ပါသည်။ |
| ဝန်ဆောင်မှုဈေးကွက် | ရှိ | လယ်ယာစိုက်ပျိုးရေးဌာနမှပညာပေးဟောပြောပွဲ ပြုလုပ်ပေးခြင်း၊ မျိုးရရှိအောင်ဆောင်ရွက်ပေး ခြင်း၊စသည့်ဝန်ဆောင်မှုများပေးလျက်ရှိပါသည်။ |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | ရှိ | ကြားကြီးကွင်း၊ဟိုပင်၊မိုးညှင်းမြို့တို့မှကုန်သည် များလာရောက်ဝယ်ယူကြသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော (သတင်းအချက်အလက်များ မှကောက်ယူပါသည်။ ( ၂၃-၂၅ ရက်၊ သြဂုတ် လ၊၂၀၁၅) ခုနှစ်

### ၂.၂.၁.၆ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေယာအသုံးချနိုင်မှု | ရှိ | လယ်ယာမြေထပ်မံတိုးချဲ့ရန်နေရာမရှိခြင်း |
| ငွေကြေးအရင်းအနှီးလက်လှမ်းမီမှု | ရှိ | လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်သမအသင်းတို့မှ လိုအပ်သောငွေပမာဏ၊လိုအပ်သောအချိန်တွင် မချေးယူနိုင်ခြင်း၊ မလုံလောက်ခြင်း |
| သွင်းအားစုတတ်နိုင်မှု | ရှိ | ချေးငွေရရှိမှုနောက်ကျခြင်းနှင့် တချိန်တည်း တပြိုင်တည်းစိုက်ပျိုးကြသဖြင့်လုပ်သားရှားပါးခြင်း |

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ဆည်မြောင်းရေရရှိမှု | ရှိ | (၂၀၁၅) တွင်ဆည်ပြုပြင်နေဆဲ ဖြစ်ခြင်းကြောင့် ယခု လက်ရှိတွင်ဆည် ရေမရရှိသေးခြင်း |
| မိုးရေမလုံလောက်မှု | ရှိ | မြေအောက်ရေရနိုင်သော်လည်း ရေတွင်းတူးခြင်း ပြုလုပ်ရန် အရင်းနှီးမတတ်နိုင် |
| ဖျက်ပိုးနှင့်ရောဂါ | ရှိ | ရွက်ဖျက်ပိုး၊ဖလံဖြူ၊ငမြှောင်တောင်ပိုးများကျရောက်ခြင်း |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | ရှိ | သီးနှံတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်သည့်နည်းပညာဝန်ဆောင်မှုများမရှိခြင်း |
| အစိုးရမူဝါဒနှင့် အစီအစဉ် | ရှိ | လယ်ယာထွက်ကုန်များရောင်းချရာတွင် တောင်သူအကျိုးကာကွယ်သည့် မူဝါဒများ မရှိခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းချက်အလက်များ မှကောက်ယူပါသည်။ ( ၂၃-၂၅ ရက်၊ ဩဂုတ် လ၊၂၀၁၅) ခုနှစ်

ပိုးမွှားကျရောက်မှုကို ထိရောက်သောဆေးနှင့် နှိမ်နင်းမှု အားနည်းခြင်း၊ လုပ်အားခစရိတ်မြင့်မားမှုကြောင့် သွင်းအားစုများကို အပြည့်အဝ အသုံးမပြုနိုင်သဖြင့် သီးနှံထုတ်လုပ်မှုတွင် အခက်အခဲနှင့်ကြုံရပါသည်။

## ၂.၂.၂ မွေးမြူရေးနှင့်ငါးလုပ်ငန်း

### ၂.၂.၂.၁ မွေးမြူရေးပိုင်ဆိုင်မှုနှင့်ငါးမွေးမြူရေးလုပ်ငန်း(အိမ်ထောင်စု)

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ (အိမ်ထောင်စု)

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၃၈ | (၃၈)အိမ်တွင် (၃၇၁)ကောင်တစ်ပိုင်တစ်နိုင်မွေးမြူပါသည်။ |
| ဝက် | ၁၁ | (၁၁)အိမ်တွင်(၁၇)ကောင်မွေးမြူပါသည်။ |
| ကြက် | ၃၅ | (၃၅)အိမ်တွင်(၂၃၉)ကောင်မွေးမြူပါသည်။ |

ရည်ညွှန်း။ ။ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ မှကောက်ယူပါသည်။ ( ၂၃-၂၅ ရက်၊ ဩဂုတ်လ၊၂၀၁၅)

အိမ်ခြေ(၅၀)တွင် (၉၀)ရာခိုင်နှုန်းနီးပါးမှာ တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်ကြပါသည်။ နွားမွေးမြူရေးတွင် တစ်ဦးတည်ကောင်ရေ(၆၃)ကောင် မွေးမြူထားသူရှိသည်။ မွေးမြူရေးကို စီးပွားဖြစ်လုပ်ကိုင်လိုသူများရှိသည်။

### ၂.၂.၂.၂ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

ဇယား (၁၉) ကျေးရွာ၏ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | စားကျက်မြေဟူ၍ သတ်မှတ်ထားသောမြေနေရာမရှိသော်လည်း၊ လယ်သိမ်းချိန်တွင် လယ်ကွင်း၌လွှတ်ကျောင်းနိုင်ခြင်းနှင့် တောင်ခြေတောဘေးတလျှောက်လွှတ်ကျောင်းနိုင်ပါသည်။ |
| ရေရရှိမှု | တွင်းရေ၊တုံကင်၊မိုးရေများရရှိသဖြင့် မွေးမြူရန်ရေလုံလောက်စွာရရှိနိုင်ပါသည်။ |
| တိရိစ္ဆာန်မျိုး | ဒေသမျိုးများကို ဟိုပင်မြို့နှင့်မိုးညှင်းမြို့တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။ |
| သွင်းအားစုဈေးကွက် | ဟိုပင်မြို့နှင့်မိုးညှင်းမြို့တို့တွင်အစာ၊ ဆေး၊ တိရိစ္ဆာန်မျိုးတို့ကို ဆက်သွယ်ဝယ်ယူနိုင်ခြင်း |
| ဝန်ဆောင်မှုဈေးကွက် | ကျေးရွာအရောက် မွေးမြူရေးထွက်ကုန်များကို ဝယ်ယူကြခြင်း |
| ထုတ်ကုန်ရောင်းဝယ်မှု | ကြက်၊ ဝက် များကို ပွဲစားများကျေးရွာအရောက်ဝယ်ယူကြသည် |
| အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု | အိမ်ခြံဝင်းအတွင်းမိသားစုတစ်ပိုင်တစ်နိုင်မွေးမြူရေး ကောင်းစွာဆောင်ရွက်နိုင်သည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ မှကောက်ယူပါသည်။ ( ၂၃-၂၅ ရက်၊ ဩဂုတ်လ၊၂၀၁၅)

ကျေးရွာအနီးပတ်ဝန်းကျင်တွင် တောတောင်များရှိခြင်း နွား၊ ဝက်အစာများ ဖြစ်သောကောက်ရိုး၊ ပဲပင်၊ ပိန်းပင်များရှိသည်။ ကျွဲ၊ နွား မွေးမြူရေးပြုလုပ်နိုင်သည့် အိမ်ခြံဝန်းများ ရှိသည်။ ကချင်ပြည်နယ်၏ ကြက်၊ ဝက်အသားဈေးကွက် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်လာမည်ဖြစ်သည်။

### ၂.၂.၂.၃ မွေးမြူရေး နှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့်စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေလက်လှမ်းမီမှု | မွေးမြူရေးလုပ်ငန်းအတွက် ငွေထုတ်ချေးပေးသောအဖွဲ့ မရှိသေးပါ။ |

| ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ကူးစက်ရောဂါဖြစ်ပွားမှု | အနာရောဂါကျရောက်မှု ရှိသည်။ |
| သွင်းအားစုဈေးကွက် | မျိုး ရရှိရန်လွယ်ကူလက်လှမ်းမီမှုမရှိခြင်း |
| ဝန်ဆောင်မှုဈေးကွက် | ကုန်စည်ဒိုင်များ ပွဲရုံများစသည့် ဈေးကွက် ဝန်ဆောင်မှုမရှိခြင်း |
| ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက် | ဟိုပင်မြို့နှင့်မိုးညှင်းမြို့တို့တွင်ဈေးကွက်များရှိသော်လည်း အများအပြားဝယ်ယူသည့် ပွဲရုံများမရှိခြင်း သယ်ယူစရိတ်မြင့်မားခြင်းတို့ကြောင့် ရောင်းဝယ်မှုပြုရန် အခက်အခဲရှိပါသည်။ |
| မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ | ဝန်ဆောင်မှုများမရရှိသေးခြင်း |
| စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်လက်လှမ်းမီမှု | မရှိ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ မှကောက်ယူပါသည်။ ( ၂၃-၂၅ ရက်၊ ဩဂုတ်လ၊၂၀၁၅)

ဒေသမျိုးများကို အဓိကမွေးမြူနေကြသဖြင့် တိုးတက်မှုနှုန်းနည်းပါးသည်။ နွား၊ ကြက်၊ ဝက် စသည့် မျိုးကောင်းမျိုးသန့်မွေးမြူခြင်းကို အစားထိုးနိုင်ရန် နည်းပညာ ဗဟုသုတများနှင့် လုပ်ငန်းကျွမ်းကျင်မှုများ လိုအပ်သည်။

### ၂.၃.၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း အမျိုးအစားများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန် လုပ်ငန်း | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ် သမား အရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့ နှင့်ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | ၁ | ၇ | | နိမ့်(လက်သမား၊ ပန်းရံ လုပ်ငန်းတို့တွင် လုပ်ကိုင်သော ကျွမ်းကျင်လုပ်သား ၁ ဦး) ကျေးရွာအတွင်း လုပ်ကိုင်ရသည့်အတွက် ရပ်တည်နိုင်မှု နိမ့်ပါသည်။ လက်သမား၊ ပန်းရံ နောက်လိုက် (၇) ဦး |
| ၅ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၂ | | | (နိမ့်)အဝတ်ချုပ် ကျွမ်းကျင်မှုမရှိ၍ ဝမ်းစာရပ်တည်မရပါ |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၂ | ၁ | | (လတ်) ပွဲစားကုန်သည်များအတွက် သီးနှံ အဝယ်တော်၊ အိမ်ဆိုင်၊ စားသောက်ကုန်ရောင်းချခြင်း |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | ၃ | ၁ | | (လတ်)ကားနှင့်ထော်လာဂျီ မောင်းသည်။ ကျေးရွာရှိ သီးနှံ ထွက်ကုန်များကို သယ်ယူပို့ဆောင်ခြင်းနှင့် ခရီးသည် တင်ဆောင်ခြင်း |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁၁ | အိမ်ခြံမြေ ရောင်း ဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သောလုပ်ငန်းများ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဆားကင်းလုံခြုံရေး) | | | | |
| ၁၃ | ပညာရေး | | ၂ | | လတ် (ပညာရေးဝန်ထမ်းများ ) |
| ၁၄ | ကျန်းမာရေး | | | | |
| ၁၅ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၆ | အခြားကိုယ်ပိုင် လုပ်ငန်းရှင်များ (အထက်ဖော်ပြပါ လုပ်ငန်းများမှအပ) | | | | |
| ၁၇ | ပြင်ပအဖွဲ့အစည်း များနှင့်ကုမ္ပဏီ များတွင်လုပ်ကိုင် သူများ | | | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ** | **၉** | **၁၀** | | |
| | **• စွန့်ဦးတီထွင် လုပ်ငန်းရှင်** | **-** | **၉** | | |
| | **• ကျွမ်းကျင်လုပ် သား** | | | | |
| | **• ကျပန်းလုပ်သား** | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို တစ်အိမ်တက်ဆင်းကောက်ယူခဲ့သော စစ်တမ်းများအရ ဆန်းစစ်အကဲဖြတ် ထုတ်နှုတ်ထားသော သတင်းအချက်အလက်များမှ ရယူပါသည်။ (၂၃-၂၅ ရက်၊ ဩဂုတ်လ၊၂၀၁၅)ခုနှစ်

သဘာဝအရင်းအမြစ်များဖြစ်သည့် ဟင်းသီးဟင်းရွက် ခူးရောင်းခြင်း၊ နန့်ယုန်ချောင်းတွင် ငါးဖမ်းခြင်း၊ တောတွင်သားကောင်များဖမ်းရောင်းခြင်း၊ ဖားကန့်ကျောက်မှော်သို့လုပ်သားအဖြစ် သွားရောက်လုပ်ကိုင်ခြင်း စသည်တို့ ဖြစ်သည်။

### ၂.၂.၃.၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သောဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

| အခွင့်အလမ်းများ | ပြဿနာနှင့်အခက်အခဲများ |
|---|---|
| လုပ်သားအင်းအားအများအပြားရှိခြင်း | အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းမရှိခြင်းအလုပ်အကိုင်အခွင့်အလမ်းပုံမှန်မရရှိခြင်းအတန်းပညာ နိမ့်ကျခြင်း |
| ဆန်စက်၊ဆီစက်များထောင်နိုင်ခြင်း၊ ကျေးရွာ၏ လိုအပ်ချက်တစ်ခုဖြစ်သည့်အပြင် လုပ်ကိုင်လိုသော သူတစ်ဦး ရှိခြင်း | လုပ်ငန်းကျွမ်းကျင်မှုမရှိခြင်း၊အရစ်ကျအကြွေးစနစ်ဖြင့် ရောင်းချပေးသောဈေးကွက် အဆက်အသွယ်မရခြင်း |
| စပါး၊မြေပဲစသည်တို့အားအရောင်းအဝယ်ပြုလုပ်နိုင်ခြင်း | အရင်းအနှီးမရှိခြင်း |
| ရာဘာ၊ စပါး၊ ပဲနှင့် ဝင်ငွေရ သီးနှံများ စသည့် စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးခြင်း၊ စက်မှုထုတ်ကုန်များ ထုတ်လုပ်သည့် စက်ရုံများ ဖွံ့ဖြိုးလာခြင်း၊ သဘာဝ သစ်တောများနှင့် အင်းတော်ကြီး ကန် ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးခြင်းတို့ဖြင့် လုပ်ငန်းအခွင့်အလမ်းများ ရရှိနိုင်ခြင်း | စက်မှုထုတ်ကုန်တိုးတက်ရေးဆိုင်ရာ မူဝါဒများစီမံကိန်းများ မရှိခြင်း<br>– ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးရန်လိုအပ်ခြင်း<br>– နည်းပညာဝန်ဆောင်မှုများဖွံ့ဖြိုးမှု မရှိသေးခြင်း<br>– ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးရန်လိုအပ်ခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော (သတင်းအချက်အလက်များ မှကောက်ယူပါသည်။ (၂၃-၂၅ရက်၊ ဩဂုတ်လ၊၂၀၁၅)ခုနှစ်

## ၂.၃ ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား(၂၃) ကျေးရွာ၏ကုန်စည်နှင့်ဂန်ဆောင်မှုဈေးကွက်လက်လှမ်းမီမှုအခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး(ကီလိုမီတာ) | နံ့နက်ဈေး(ကြာကြီးကွင်း)(၂.၅)ဖာလုံ။ | ဟိုပင်(၄)မိုင်။ |
| သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ | ခြေကျင်၊ဆိုင်ကယ်၊သုံးဘီး၊စက်ဘီး။ | သုံးဘီး၊ဆိုင်ကယ်။ |
| ကုန်စည်အမျိုးအစားနှင့်ဝန်ဆောင်ပေးနိုင်မှု | ဟင်းသီး၊ဟင်းရွက်၊အသား၊ငါး။ | စားသောက်ကုန်၊အဝတ်အထည်၊ဆောက်လုပ်ရေးပစ္စည်း၊လူသုံးကုန်မစ္စည်းအမျိုးမျိုး။ |

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ဈေးအခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု | သွပ်မိုး၊ပျဉ်ခင်း၊ ဈေးတန်း | ဆိုင်ခန်း၊ စတိုးဆိုင်၊ ဈေးတန်း၊ သိုလှောင်ရုံ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ မှကောက်ယူပါသည်။ ( ၂၃-၂၅ရက်၊ ဩဂုတ်လ၊၂၀၁၅)ခုနှစ်

## ၂.၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ဈေးငွေရရှိနိုင်သည့်နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည်ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ဈေးငွေရရန် အခက် အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် (လယ်ယာဖွံ့ဖြိုးရေးဘဏ်) | စိုက်ပျိုးရေးဈေး ငွေထုတ်ပေးခြင်း | (၆) လ | တစ်လ (၀.၄၂)ရာခိုင် နှုန်း | ပုံစံ(၇) လိုအပ် | လယ် မြေမရှိလျှင် ဈေးမရ |
| (သမအသင်း) | စိုက်ပျိုးရေးဈေး ငွေထုတ်ပေးခြင်း | (၆) လ | တစ်လလျှင် (၂)ရာခိုင် နှုန်း | ပုံစံ(၇) လိုအပ် | လိုအပ်သည့် အချိန်တွင် ဈေးမရခြင်း။ |
| အပေါင်ဆိုင် | အရေးပေါ်လို အပ်သည့်အခါ ဈေးခြင်း | (၅)လတစ်ခါအ တိုးပေးရ | တစ်လ လျှင် (၃)ကျပ်နှုန်း | ရွှေ | |
| မိတ်ဆွေနှင့် ဆွေမျိုးများ | အရေးပေါ်လို အပ်သည့်အခါ ဈေးခြင်း | အတိုးမပေးရ | - | - | လိုအပ်သည့် အခါဈေးမရ |

ရည်ညွှန်း.. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ မှကောက်ယူပါသည်။ ( ၂၃-၂၅ ရက်၊ဩဂုတ်လ၊၂၀၁၅)ခုနှစ်

လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမအသင်းတို့မှ ဈေးငွေများရရှိသော်လည်း လိုအပ်သည့်ပမာဏ၊ လိုအပ်သည့်အချိန်တွင်မရသဖြင့် သီးနှံကြိုရောင်းစနစ်များကို ဆက်လက်ကျင့်သုံးနေရသည့်အတွက် အခက်အခဲနှင့်ကြုံရပါသည်။

## ၂.၅ သဘာဝဘေးအန္တရာယ်လျှော့ချခြင်းအပါအဝင် ပါတ်ဝန်းကျင်နှင့်သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲမှု

### ၂.၅.၁ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား(၂၅)သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာကြွယ်ဝမှု | ရှိ | ဓါတ်မြေသြဇာအသုံးပြုခြင်း၊ပိုးသတ်ဆေးအသုံးပြုခြင်းကြောင့် သဘာဝမြေဆီသြဇာပျက်ဆီးခြင်း အန္တရာယ်ရှိနိုင်ပါသည်။ |
| အပင်မျိုးစိတ်များ | ရှိ | ဝါးပင်နှင့်အခြားသဘာဝပေါက်ပင်ကြီးများ ရှားပါးလာသည်။ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | ရှိ | ဓာတုပိုးသတ်ဆေးများကို အသုံးပြုမှုများခြင်း |
| ရေအရင်းအမြစ် | ရှိ | သောက်သုံးရေသန့်ရှင်းမှုမရှိခြင်း ကျန်းမာရေးအတွက် အန္တရာယ်ရှိနိုင်ခြင်း |
| အခြားတိရိစ္ဆာန်မျိုးကွဲများ | ရှိ | မျိုးစိတ်များတဖြည်းဖြည်း လျော့နည်းလာသည် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ( ၂၃-၂၅ ရက်၊ ဩဂုတ်လ၊၂၀၁၅)ခုနှစ်

ရွာ၏အဓိကပြဿနာမှာ စပါးနှင့် ပဲများစိုက်ပျိုးရာတွင် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ အသုံးပြုပြီး စနစ်တကျ စွန့်ပစ်မှုမရှိသောကြောင့် လူနှင့် တိရိစ္ဆာန်များ အန္တရာယ်ရှိနိုင်ပါသည်။

### ၂.၅.၂ သဘာဝဘေးအန္တရာယ်လျှော့ချခြင်း

ဇယား (၂၆) သဘာဝဘေးအန္တရာယ်လျှော့ချခြင်း

| အမျိုးအစား | အန္တရာယ် ဖြစ်နိုင်ခြေ (နည်း/လတ်/များ) | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|---|
| ရေရရှိမှုအခက်အခဲ | နည်း | သောက်သုံးရေသန့်ရှင်းမှုမရှိခြင်း အရောင်နှင့်အနံ့ ရှိခြင်းတို့သည် ကျန်းမာရေးကိုထိခိုက်နိုင် သည် |
| မိုးခေါင်ခြင်း | နည်း | အချို့နှစ်များတွင်မိုးခေါင်ခြင်းဖြစ်သည် |

| အမျိုးအစား | အန္တရာယ် ဖြစ်နိုင်ခြေ (နည်း/လတ်/များ) | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|---|
| မုန်တိုင်း | လတ် | ၂၀၁၁ခုနှစ်တွင်လေပြင်းမုန်တိုင်း တစ်ကြိမ် ကျရောက်ခဲ့ဖူးသော်လည်း ဖြစ်လေ့ဖြစ်ထအလွန် နည်းသည် |
| ငလျင် | နည်း | ဖြစ်လေ့ဖြစ်ထအလွန်နည်းသည် |
| တိရိစ္ဆာန်ရောဂါဖြစ်ပွါးမှု | လတ် | ခွါနာ၊လျှာနာရောဂါများဖြစ်သည် |
| မြေအရည်အသွေးကျဆင်းခြင်း | အလယ်အလတ် | မြေသားပြုပြင်ထိန်းသိမ်းရန် ဗဟုသုတ နည်းခြင်း |
| သစ်တောပြုန်းတီးခြင်း | မြင့် | ထင်းခုတ်၊ဝါးခုတ်ခြင်း၊ သစ်ခုတ်ခြင်း များကြောင့် သစ်တောပြုန်းတီးနေခြင်း |
| မူးယစ်ဆေးဝါးခြိမ်းခြောက်မှု | မြင့် | အများအားဖြင့် လူငယ်များ |
| လူရောဂါဖြစ်ပွါးမှု | လတ် | ခုခံအားကျဆင်းသည့် ကူးစက်ရောဂါ ဖြစ်ပွားမှုများရှိသည် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ( ၂၃-၂၅ ရက်၊ ဩဂုတ်လ၊၂၀၁၅)ခုနှစ်

သောက်သုံးရေ တစ်နှစ်ပတ်လုံးရရှိသော်လည်း အရောင်နှင့် အနံ့ရှိခြင်းတို့ကြောင့် သောက်သုံးရန် စိုးရွံ့နေကြရပါသည်။ လက်လုပ်လက်စားများမှာ အလုပ်လက်မဲ့သော ကာလများတွင် တောတောင်များမှ သစ်၊ ဝါး၊ ထင်းများခုတ်ခြင်း၊ ဟင်းသီးဟင်းရွက်ခူးရောင်းခြင်းများ ပြုလုပ်ကြသည်။

## ၂.၆ ပညာရေး

### ၂.၆.၁ စာတတ်မြောက်မှု

ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ် ပညာရေးနှင့် စာတတ်မြောက်မှု

| ပညာရေး | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက်၊ လူဦးရေ၏ % |
|---|---|---|---|---|
| လုံးဝကျောင်းမနေသူများ | ၁၀ | ၄ | ၁၄ | ၆ |
| ဘာသာရေးအခြေပြုပညာရေး | ၉ | ၄ | ၁၃ | ၅ |
| မူလတန်းမပြီးမီကျောင်းထွက်သူဦးရေ | ၀ | ၀ | ၀ | ၀ |
| မူလတန်းပညာရေးပြီးဆုံးသူများ | ၇၄ | ၈၀ | ၁၅၄ | ၆၅ |
| အလယ်တန်းပညာရေးပြီး ဆုံးသူများ | ၁၅ | ၂၀ | ၃၅ | ၁၅ |

| ပညာရေး | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက်၊ လူဦးရေ၏ % |
|---|---|---|---|---|
| အထက်တန်းပညာရေးပြီး ဆုံးသူများ | ၃ | ၁၀ | ၁၃ | ၅ |
| တက္ကသိုလ်ပညာပြီးဆုံးသူများ | ၂ | ၈ | ၁၀ | ၄ |
| ၉ နှစ်အထက်လူဦးရေပေါင်း | ၁၁၃ | ၁၂၆ | ၂၃၉ | ၁၀၀ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ( ၂၃-၂၅ ရက်၊ ဩဂုတ်လ၊၂၀၁၅)ခုနှစ်

## ၂.၆.၂ ကျောင်းတက်နှုန်း

ဇယား (၂၈) လက်ရှိကျောင်းတက်နေသော ကျောင်းသားများ

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း(၅-၉နှစ်) | ၁၇ | ၁၀ | ၂၇ | ၉၆ |
| အလယ်တန်း (၁၀-၁၄နှစ်) | ၃ | ၁၂ | ၁၅ | ၈၃ |
| အထက်တန်း (၁၅-၁၆နှစ်ကြား) | - | ၄ | ၄ | |
| တက္ကသိုလ်ကျောင်းသား၊သူ | ၁ | - | ၁ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်း အချက်အလက်များ( ၂၃-၂၅ ရက်၊ ဩဂုတ်လ၊၂၀၁၅)ခုနှစ်

မူလတန်းကျောင်းထွက်နှုန်းမရှိပါ။ အလယ်တန်းနှင့် အထက်တန်းကျောင်းစရိတ် မတတ်နိုင်သဖြင့် ကျောင်းဆက်တက်ရန်အတွက် မိဘများအခက်အခဲနှင့်ကြုံရပါသည်။

## ၂.၆.၃ စာသင်ကျောင်းဆောင်အခြေအနေနှင့်လက်လှမ်းမီမှု

ဇယား (၂၉) ကျေးရွာ၏ စာသင်ကျောင်းဆောင်အခြေအနေနှင့် လက်လှမ်းမီမှု

| အကြောင်းအရာ | မူလတန်းကျောင်း | အလယ်တန်းကျောင်း |
|---|---|---|
| ရွာမှအကွာအဝေး(ကီလိုမီတာ) | ရွာတွင်း | ကြာကြီးကွင်း(၂.၅) ဖာလုံ |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင်၊ဆိုင်ကယ်၊ | ခြေလျင်၊ ဆိုင်ကယ်၊ သုံးဘီး။ |
| စာသင်ကျောင်းအရွယ်အစား(အလျား၊အနံ၊အမြင့်) | အလျား(၆၀)ပေ၊ အနံ(၃၀) ပေ။ | - |

| အကြောင်းအရာ | မူလတန်းကျောင်း | အလယ်တန်းကျောင်း |
|---|---|---|
| အမိုး၊နံရံ၊အခင်း အရည်အသွေး | သွပ်မိုး၊ အုတ်ကာ၊ သံမံတလင်း ကောင်းမွန်ခြင်း | သွပ်မိုး၊ အုတ်ကာ၊ သံမံတလင်း။ |
| ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ) | မရှိ | |
| ကျောင်းဆရာဦးရေ | ကျား မ ပေါင်း<br>၁ ၅ ၆ | ကျား မ ပေါင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ( ၂၃-၂၅ ရက်၊ ဩဂုတ်လ၊၂၀၁၅)ခုနှစ်

## ၂.၆.၄ ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၀) ပညာရေးအခက်အခဲပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | ၆ |
| တပည့်ဆရာအချိုး | ၅ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | အစိုးရမှလုံလောက်စွာထောက်ပံ့မှုရှိသည်။ |
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | အလယ်တန်းကျူရှင်စရိတ်၊ကားခ၊ အဆောင် စရိတ်မတတ်နိုင်သဖြင့် ပညာ ဆုံးခန်းတိုင် သင်ကြားရန်အခက်အခဲ ရှိသည်။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | မိဘဆရာအသင်းမှ ကျောင်းအတွက် လိုအပ်သော အဆောက်အဦးပြုပြင် ထိန်းသိမ်းခြင်းနှင့် ကျောင်း ပျော်ပွဲရွှင်ပွဲ တို့တွင်ပူးပေါင်းဆောင်ရွက်ကြပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

## ၂.၇ ကျန်းမာရေးနှင့်အာဟာရ

### ၂.၇.၁ အဖြစ်များသောရောဂါ

ဇယား (၃၁) ကျေးရွာ၏အဖြစ်များသောရောဂါများ

| | | | |
|---|---|---|---|
| ၁.နှာစေးချောင်းဆိုး | ၂.ဝမ်းပျက်ဝမ်းလျှော | ၃. ဝက်သက် | ၄.ငှက်ဖျားရောဂါ |
| ၅. တီဘီ | ၆. | ၇. | ၈. |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

ကျန်းမာရေးဌာနမရှိခြင်းနှင့် ကျွမ်းကျင်သောကျန်းမာရေး ဝန်ထမ်းမရှိခြင်း၊ ပညာပေး ဆွေးနွေးပွဲများ အချိန်မှီမပြုလုပ်နိုင်ခြင်း၊ ကူးစက်ရောဂါကျရောက်လွယ်သော ဒေသများသို့ သွားရောက်ခြင်း စသည့်တို့ကြောင့် ကူးစက်ရောဂါများဖြစ်ကြရသည်။

### ၂.၇.၂ ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) ကျေးရွာ၏ ကျန်းမာရေးအထောက်အပံ့များ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (ကီလို) | အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သောအသုံးအဆောင်ပစ္စည်းများ(လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| မရှိ | - | - မရှိ | အရံသားဖွား ဆရာမ(၁). | မလုံလောက် | |
| ကျန်းမာရေး ဌာနခွဲ | ၂.၅ ဖာလုံ | -မလုံ လောက် | သားဖွားဆရာမ(၁) ကျန်းမာရေး လုပ်သား (၂) | မလုံလောက် | ကြာကြီးကွင်း ကျေးရွာတွင်ရှိ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

...အရေးပေါ်အခြေအနေဖြစ်ပါကမိုးညှင်းမြို့ဆေးရုံသို့သာသွားရပါသည်။ ကြာကြီးကွင်းကျေးလက် ကျန်းမာရေးဌာနခွဲကို အဆင့်မြှင့်တင်ရန်နှင့် ဝန်ထမ်းများ ဖြည့်ဆည်းရန်လိုအပ်ပါသည်။

### ၂.၇.၃ သောက်သုံးရေရရှိမှု

ဇယား (၃၃) ကျေးရွာ၏ သောက်သုံးရေရရှိမှု

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း/အ ဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၂၂ | ဆိုး | ✓ | ✓ | ✓ | |

| | | | | | |
|---|---|---|---|---|---|
| တိုကင် | ၁၀ | ဆိုး | ✓ | ✓ | ✓ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

ရေပေါများစွာရှိသော်လည်း ရေတွင်သံဓာတ်၊ အရောင်၊ အနံ့များရှိနေသည်။ ရေ၏ အရည်အသွေးကိုစမ်းသပ်၍ သောက်သုံးရန်သင့်မသင့်နှင့် ရေကောင်းရေသန့်ရရှိရန် မည်သို့သော ရေသန့်စစ်နည်းရရှိနိုင်မည့် နည်းလမ်းများဖော်ထုတ်သွားရန်လိုအပ်သည်။

### ၂.၇.၄ သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား(၃၄) ကျေးရွာ၏ သန့်ရှင်းရေးအခြေအနေ

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၄၄ | အချို့မှာ စနစ်တကျ အသုံးပြုမှုမရှိခြင်း |
| ကျင်းအိမ်သာ | ၆ | အချို့မှာ စနစ်တကျ အသုံးပြုမှုမရှိခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

ကျန်းမာရေးဟောပြောပွဲများ၊ အသိပညာ ဗဟုတုတများနှင့် လက်လှမ်းမမီခြင်း၊ ကျန်းမာ အောင် ပြုမူနေထိုင်မှုအလေ့အကျင့်ကောင်းများကို မသိရှိကြခြင်း၊ တကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်သက်သော အသိပညာ ဗဟုသုတများ အားနည်းနေကြသေးသည်ကို တွေ့ရှိရသည်။

## ၂.၈ လမ်းတံတားတည်ရှိမှု

### ၂.၈.၁ ကျေးရွာများတွင်လမ်းတံတားတည်ရှိမှုအခြေအနေ

ဇယား (၃၅) ကျေးရွာတွင်လမ်းတံတားတည်ရှိမှုအခြေအနေ

| လမ်းတံတား အမျိုးအစား | အမျိုးအစား (၁၊၂၊၃) | ကောင်း /ဆိုး | တည် ဆောက် ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (ကီလိုမီတာ) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်း ရာသီ | တစ်နှစ် ပါတ်လုံး | |
| ရွာတွင်းလမ်း | ၃ | ကောင်း | ၂၀၁၄ | | တစ်နှစ်ပတ် လုံး | ပေ ၃၆၀၀ |
| ကြာကြီးကွင်းသို့ ချဉ်းကပ်လမ်း | ၃ | ကောင်း | ၂၀၁၅ | | တစ်နှစ်ပတ် လုံး | (၁၆၅၀) ပေ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

| လမ်းတံတား အမျိုးအစား | အရွယ်အစား | ကောင်း/ ဆိုး | တည်ဆောက်ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်လုံး |
| **သစ်သားတံတား** | အလျား(၁၅)ပေ၊အနံ (၅)ပေ | ဆိုး | ၂၀၁၃/ ၂၀၁၄ | ပွင့်လင်းရာသီ | |
| **တံတား(ကွန်ဂရစ်)** | အလျား(၁၅)၊အနံ(၁၀) | ကောင်း | ၂၀၁၅ | | တစ်နှစ်ပတ်လုံး |
| **ကွန်ဂရစ်** | အလျား(၂၀)ပေ၊အနံ (၅)ပေ။ | ကောင်း | ၂၀၁၅ | | ။ |
| **ကွန်ဂရစ်** | အလျား(၃၀)ပေ၊အနံ (၅)ပေ။ | ကောင်း | ၂၀၁၅ | | ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

စာသင်ကျောင်းသို့သွားသောသစ်သားတံတားမှာခိုင်ခံ့မှုမရှိသဖြင့်ကွန်ဂရစ်တံတားဆောက်လုပ်ရန်လိုအပ်ပါသည်။

## ၂.၈.၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်းသယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (ကီလိုမီတာ) | ယာဉ် အမျိုးအစား | ရာသီအလိုက်သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပါတ်လုံး |
| မြစ်ကြောင်း | – | | | |
| ပင်လယ်ရေကြောင်း | – | | | |

၁ “ လှေ၊သမ္ဗာန် ၂ - မော်တော် ၃ - သဘော်

## ၂.၈.၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား (၃၇) ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | ဆိုင်ကယ် | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် ထော်လာဂျီ | ဘတ်စ်ကား | မြင်းလှည်း |
|---|---|---|---|---|---|---|---|
| အရေအတွက် | | | ၄၁ | | ၃ | ၁ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

အိမ်ခြေ (၅၀) တွင်ဆိုင်ကယ် (၄၁) စီး၊ ထော်လာဂျီ (၃) စီး၊ လိုင်းကား (၁) စီးရှိသဖြင့်သယ်ယူပို့ဆောင်ရေးအတွက်အသုံးပြုကြပါသည်။

## ၂.၉ လျှပ်စစ်မီးရရှိမှု

ဇယား (၃၈) ကျေးရွာ၏ လျှပ်စစ်မီးရရှိမှုအခြေအနေ

| အရင်းအမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| ဆိုလာစနစ် | (၉)အိမ်ထောင်စု | ညံ့ (ပျက်လျှင်ပြုပြင်မည့် ဆိုင်မရှိပါ) | ရှိ |
| အသေးစားရေအားလျှပ်စစ် | (၄၀)အိမ် | ကောင်း | အခက်အခဲမရှိ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅ ရက်၊ ဩဂုတ် လ၊၂၀၁၅ နှစ်)

ဂလိုင်ချောင်းအသေးစား ရေအားလျှပ်စစ်အား ၂၀၁၀/ ၂၀၁၁ ခုနှစ်တွင်ပြုလုပ်ခဲ့ရာ တစ်ရွာလုံးနီးပါးလျှပ်စစ်မီးအသုံးပြုနိုင်ခဲ့သည်။

## ၂.၁၀ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၃၉) ကျေးရွာ၏ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | အင်တာနက် | သတင်းစာနှင့်ဂျာနယ် | အခြား |
|---|---|---|---|---|---|---|
| အရေအတွက် | ၆၉ | ၈ | ၃၉ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

အင်တာနက်ကိုလက်ကိုင်ဖုန်းများဖြင့်ချိတ်ဆက်အသုံးပြုနိုင်သည်။

## ၂.၁၁ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ကျေးရွာ၏ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

| လုပ်ငန်း | ရှိ/ မရှိ | ဝန်ဆောင်မှု |
|---|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | ရှိ | လအလိုက် ရာသီပွဲတော်များတွင် အလှူ အတန်းပြုလုပ်ခြင်းဖြင့် ဆင်နွှဲကြသည် |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | လူမှုရေးပွဲများတွင် ဧည့်ခံကျွေးမွေးခြင်း၊ ပစ္စည်း သယ်ယူခြင်း၊သိမ်းဆည်းခြင်း စသည့်လုပ်အားဖြင့် ကူညီဆောင်ရွက်ခြင်း တို့ရှိပါသည်။ |

| လုပ်ငန်း | ရှိ/ မရှိ | ဝန်ဆောင်မှု |
|---|---|---|
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | ဘာသာရေးပွဲများတွင်သန့်ရှင်းရေးလုပ်ခြင်း၊ချက်ပြုတ်ရေးတို့တွင်လိုအပ်သည်များကူခြင်း၊ကျွေးမွေးဧည့်ခံခြင်း၊အခမ်းအနားပြင်ဆင်ခြင်း စသည့်တို့တွင်ပါဝင်ဆောင်ရွက်ကြပါသည်။ |
| အားကစားပစ္စည်းများအားလက်လှမ်းမီမှု | ရှိ | ကျေးရွာအုပ်စုအဆင့်ဘောလုံးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိပါသည်။ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | ရှိ | ကျေးရွာအဖွဲ့အစည်းများတွင်စာရင်းကိုင်၊ အဖွဲ့ဝင်၊ကိုယ်စားလှယ်အဖြစ်ပါဝင်ခြင်း၊ စေတနာအကျိုးဆောင်အဖြစ်ဆောင်ရွက်ခြင်းတို့ရှိပါသည်။ |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | မရှိ | မိရိုးဖလာနေထိုင်ဝတ်ဆင်ကြပြီး၊ ရိုးရာထိန်းသိမ်းသည့် စာပေယဉ်ကျေးမှုအသင်းအဖွဲ့ ဖွဲ့စည်းခြင်း အစီအစဉ်များမရှိပါ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော (သတင်းအချက်အလက်များ မှကောက်ယူပါသည်။ (၂၃-၂၅ရက်၊ဩဂုတ် လ၊၂၀၁၅)ခုနှစ်

လူငယ်ရန်ပုံငွေဖြင့် ဝယ်ယူထားသော စားပွဲ၊ ခုံနှင့် အခြားဧည့်ခံပွဲသုံးပစ္စည်းများကို အလှူပွဲများတွင် စေတနာကြေးဖြင့်ငှားခြင်းဖြင့် ၎င်းပစ္စည်းများအတွက် ပြုပြင်ထိန်းသိမ်းရေးများကိုလုပ်ဆောင်ကြသည်။

## ၂.၁၂ ကျေးရွာဘေးကင်းလုံခြုံမှုအခြေအနေ

### ၂.၁၂.၁ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု၊အထောက်အကူများအားလက်လှမ်းမီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု၊အထောက်အကူများအားလက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှိ/ မရှိ | ရှင်းလင်းချက် |
|---|---|---|
| ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦးများအားလက်လှမ်းမီမှု | မရှိ | |
| အာမခံလုပ်ငန်းများအားလက်လှမ်းမီမှု | မရှိ | |
| လူထုအခြေပြုသဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ် | ရှိ | မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေးအတွက်မီးချိတ်၊မီးကပ်များထားရှိရေးကိုနှစ်စဉ်ကြေငြာပေးခြင်းအစီအစဉ်များရှိပါသည် |

| ဝန်ဆောင်မှုများ | ရှိ/ မရှိ | ရှင်းလင်းချက် |
|---|---|---|
| ရဲစခန်းများအား လက်လှမ်းမီမှု | ရှိ | အနီးဆုံးစခန်းမှာ ဟိုပင်တွင်ရှိသည် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

### ၂.၁၂.၂ မူခင်းဖြစ်ပွားမှု

ဇယား (၄၂) ကျေးရွာ မှုခင်းဖြစ်ပွားမှုအခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| **ပြင်းထန်/မထန်** | | **သာမန်** | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၂၃-၂၅ ရက်၊ ဩဂုတ် လ၊ ၂၀၁၅နှစ်)

Note: မှုခင်းဖြစ်ပွားမှု သာမန်အဆင့်သာရှိပါသည်။

၁။ စိုးရိမ် ၂။ သာမန်

**နောက်ဆက်တွဲ (၂)**

## ၃။ ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားများ နှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

| ကျေးရွာဖွံ့ဖြိုးရေး အခြေအနေကောင်း များ | ရှင်းလင်းဖော်ပြချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊သြဇာ) | သီးနှံအထွက်နှုန်းကောင်းမွန်သောလယ်ယာမြေများဖြစ်သည်။စပါးအပြီး လယ်ယာနှင့် ဥယျာဉ်ခြံမြေ၊ ချောင်းရေကျချိန် မြေနုမြေများပေါ်တို့တွင် တန်ဖိုးမြင့်သီးနှံစိုက်ပျိုးနိုင်သည်။ တောင်ခြေတောတန်းတွင် မွေးမြူရေး လုပ်ငန်းကို တိုးချဲ့လုပ်ကိုင်နိုင်သည်။ |
| ရေအရင်းအမြစ် | မြေအောက်ရေရရှိနိုင်ခြင်း၊ နန့်ယုန်ချောင်းဆည် ရေရရှိနိုင်ခြင်းတို့သည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းပြုလုပ်ရန်အခြေအနေကောင်းများဖြစ်သည် |
| ဈေးကွက်အခွင့်အလမ်းများ | စပါးနှင့် သီးနှံထွက်ကုန်များ၊ မွေးမြူရေး ထွက်ကုန်များကို လက်ရှိအခြေ အနေတွင် ကချင်ပြည်နယ်သို့ အခြားဒေသမှဝက်၊ ကြက်၊ သား၊ ငါး၊ နို့ထွက်ပစ္စည်း၊ ငရုတ်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီစသည့်တို့ကိုသွင်းကုန်များအဖြစ် တင်သွင်းနေကြရသည်။ နဂါးမောက်သီးကဲ့သို့တန်ဖိုးမြင့်သီးနှံနှင့် အသား၊ ငါးတို့ကိုတိုးချဲ့ထုတ်လုပ်ခြင်းဖြင့် ဈေးကွက်၏ လိုအပ်ချက် များကို ဖြည့်ဆည်းနိုင်လာမည် ဖြစ်သည်။ |
| ချေးငွေရရှိမှု | လယ်ယာစိုက်ပျိုးရေးဘဏ်နှင့်သမအသင်းတို့မှစိုက်ပျိုးရေးအတွက်ချေးငွေရရှိသည်။ |
| ဝန်ဆောင်မှုဈေးကွက် | မိုးညှင်းမြို့နှင့်ဟိုပင်မြို့ရှိလယ်ယာစိုက်ပျိုးရေးဌာနမှပညာပေးဟော ပြောပွဲပြုလုပ်ပေးခြင်း၊မျိုးရရှိအောင်ဆောင်ရွက်ပေးခြင်းစသည့်ဝန် ဆောင်မှုများ ပေးပါသည်။ |

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှုများ

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

| **အဟန့်အတားနှင့် စိန်ခေါ်မှုများ** | **ရှင်းလင်းဖော်ပြချက်** |
|---|---|
| ငွေကြေးဝန်ဆောင်မှုလုပ်ငန်း | လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ရန်ငွေကြေးဝန်ဆောင်မှုအပြည့်အဝ မရရှိပါ။ |
| သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ | ရထားလမ်း၊ ကားလမ်းသယ်ယူပို့ဆောင်ရေး လမ်းများမှာလျှင်မြန်ချောမွေ့မှု မရှိပေ။ |
| ဈေးကွက်လက်လှမ်းမီမှု | ဈေးကွက်ကြီးများသို့ အရောက်တင်ပို့ရောင်းချပါက အချိန်ကုန် ငွေကုန်များမည်ဖြစ်သည်။ လယ်ဦးကျေးရွာနှင့် မိုးညှင်း၊ ဟိုပင်မြို့ များတွင် ကုန်စည်ဒိုင်များမရှိသဖြင့် တန်ဖိုးမြင့်သီးနှံများကို တိုးချဲ့ စိုက်ပျိုးရောင်းချရန် ဈေးကွက်နှင့် အထောက်အကူပြု ဖြန့်ချိသည့် လုပ်ငန်းအချိတ်အဆက်များတွင်အခက်အခဲရှိသည်။ |
| နည်းပညာဝန်ဆောင်မှုများ | စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်များ အရည်အသွေးမြင့်မား စေရန်အတွက်နိုင်ငံတော်အစိုးရအဖွဲ့အစည်းများနှင့်အစိုးရမဟုတ် သောအဖွဲ့အစည်းများမှကျေးလက်နေပြည်သူများကိုနည်းပညာ ဝန်ဆောင်မှုပေးသည့်ဖွံ့ဖြိုးရေးအစီအစဉ်များလုပ်ဆောင်ရန် လိုအပ်နေပါသည်။ |
| ရေကောင်းရေသန့်မရရှိခြင်း | သောက်သုံးရေတွင်းများသည် သံချေးရောင်ရှိပြီး ၊ရွှံ့ပုပ်အနံ့ရှိနေ သည့်အတွက် စိတ်ချရသော သောက်သုံးရေရရှိရန် လိုအပ်နေ ပါသည် |

**ကြာကြီးကွင်းကျေးရွာအုပ်စု၊ လယ်ဦးကျေးရွာ၏**

**ဇယား (၄၅) ဖွံ့ဖြိုးရေးကွင်းဆက်-ပြဿနာများအားဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့**

| စဉ် | ပြဿနာ | အကြောင်းအရာ | အလားအလာ | အဟန့်အတား | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| ၁။ | **အဖွဲ့အစည်းများစီမံဆောင်ရွက်ခြင်းကဏ္ဍ** | | | | | |
| | • ကျေးရွာ၏ ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးဆောင်ရန် အဖွဲ့အစည်း များမရှိခြင်း | • အဖွဲ့အစည်းဖွံ့ဖြိုး ရေးဆိုင်ရာသဘော တရားအတွေ့ အကြုံများ လေ့လာ ခွင့်မရခြင်း | • ကျေးရွာ၏ဘက်စုံ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရန် ရွာ တွင်လက်ရှိ အား ကောင်းနေသော လူမှုရေး၊ ဘာသာ ရေး လူငယ်အဖွဲ့ စသော အဖွဲ့ဝင် များမှ ဖွဲ့စည်းခြင်း | • ကျေးရွာလူထု အခြေ ပြုအဖွဲ့များ ခိုင်မာ တောင့်တင်း ရေးအစီအစဉ်ရေး ဆွဲနိုင်ရန် လမ်းညွှန် ပေးနိုင်မည့် ဦးဆောင်အဖွဲ့ အစည်း မရှိခြင်း | • မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန က စီမံခန့်ခွဲမှုစွမ်းဆောင် ရည်နှင့် အသိပညာများ ရရှိရန်သင်တန်းပေးခြင်း<br>• ကျေးရွာ၏ဘက်စုံ ဖွံ့ဖြိုးရေးဆောင်ရွက် ရန် ကျေးရွာလူထုနှင့် ကျေးရွာဖွံ့ဖြိုးရေးကို ဦးဆောင်မည့်အဖွဲ့ အစည်းစနစ်ကို တည် ဆောက်ရန် | • ကျေးရွာဘက်စုံ ဖွံ့ဖြိုး ရေးဆောင်ရွက်ရန် အဖွဲ့အစည်းများစနစ် ဖွံ့ဖြိုးအောင်ဆောင် ရွက်ရေး<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့် အလုပ် အမှုဆောင်အဖွဲ့များကို အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့် စွမ်း ဆောင်ရည်မြှင့် တင်ခြင်း |
| ၂။ | **စိုက်ပျိုးရေး(သီးနှံထုတ်လုပ်ရေး)ကဏ္ဍ** | | | | | |
| | • သီးနှံအထွက် နှုန်းကျဆင်း | • စိုက်ပျိုးရင်းနှီးငွေ ပြတ်လပ်ပါက | • သီးနှံစိုက်ပျိုးရန် ကောင်းမွန်သော | • ကျွဲ၊နွားလွတ် ကျောင်းစနစ် | • သီးနှံထုတ်လုပ်မှု တိုး တက်စေရန်စိုက်ပျိုးရေး | • ချေးငွေဝန်ဆောင်မှု များ ရရှိအောင် |

| စဉ် | ပြဿနာ | အကြောင်းအရာ | အလားအလာ | အဟန့်အတား | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| | ခြင်း<br>• စိုက်ပျိုးသီးနှံများမှ ဝင်ငွေရရှိ မှုနည်းခြင်း | သီးနှံများကို နိမ့်ကျသောဈေးနှုန်းဖြင့် ကြိုတင်ရောင်းကြရသည်<br>• ပွဲရုံများမရှိသဖြင့် ရွာ အရောက်ဝယ်ယူကြသော ကုန်သည် ပွဲစားထံတွင် ဈေးအနိမ်ခံ၍ ရောင်းကြရခြင်း | မြေ ရှိခြင်း၊ မြေအောက်ရေရရှိနိုင်ခြင်း<br>• လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း<br>• နန့်ယုန်ဆည်ပြုပြင်နေခြင်း | ကြောင့် နှစ်သီးစား စိုက်ပျိုးခြင်းများ မပြုလုပ်နိုင်ခြင်း<br>• လယ်ယာစိုက်ပျိုးရေး လုပ်ငန်းသုံးရန် လုံလောက်သည့် ချေးငွေ ချေးယူနိုင်သည့် ဝန်ဆောင်မှုများ မရှိခြင်း<br>• ဈေးကွက်ဝင်သီးနှံများဖြစ်သည့် နဂါးမောက်သီး၊ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူး စသည်တို့အရောင်းအဝယ်ပြုလုပ်နိုင်သည့် ကုန်စည်ဒိုင်များ ဒေသတွင် မရှိခြင်း | ဌာနနှင့် ချိတ်ဆက်ခြင်း<br>• ချေးငွေဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ဆောင်ရွက်ခြင်း<br>• စားကျက်မြေသတ်မှတ်နိုင်ရန် စည်းရုံးလှုံ့ဆော် ဆောင်ရွက်ခြင်း<br>• လယ်သမားများ အသိပညာဗဟုသုတတိုးပွားစေရေး<br>–အထွက်တိုး မျိုးစေ့များနှင့် အရည်အသွေးများကို နားလည်လာစေရန်<br>–မြေဆီလွှာထိန်းသိမ်း နည်းနှင့်ရောဂါပိုးမွှားများ ဖြစ်ပွားမှုကို ထိန်းချုပ် နိုင်ရန် |

| စဉ် | ပြဿနာ | အကြောင်းအရာ | အလားအလာ | အဟန့်အတား | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| ၃။ | **<u>မွေးမြူရေး ကဏ္ဍ</u>** | | | | | |
| | • တိရိစ္ဆာန်မွေးမြူထုတ်လုပ်မှု နည်းပါးခြင်း | • မွေးမြူရေးဆိုင်ရာ အသိပညာများနိမ့်ကျ ခြင်း ဥပမာ– အရည်အသွေး နိမ့်ကျသော နွား၊ ဝက်များကို ဆက်လက်မွေးမြူနေကြခြင်း<br>• မွေးမြူရေးချေးငွေဝန်ဆောင်မှုများမရှိခြင်း<br>• မျိုးကောင်းမျိုးသန့်များအား လက်လှမ်းမီရန် ခက်ခဲမှုရှိခြင်း | • တိရိစ္ဆာန်မွေးမြူမည့် မြေနေရာများ ရှိခြင်း<br>• ကြက်၊ ဝက်၊ နွား ထုတ်လုပ်ရောင်းချနိုင်သည့် ဈေးကွက်အခိုင်အမာရှိခြင်း | • ဥစားကြက်၊ အသားစား ကြက်များကို စီးပွားဖြစ်မွေးမြူရန် နည်းပညာဝန်ဆောင်မှုများနှင့် လက်လှမ်းမီရန် ခက်ခဲခြင်း | • ဥစား ကြက်၊အသားစားကြက်နှင့် ဝက်၊နွား၊ မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် နည်းပညာဝန်ဆောင်မှုများနှင့်လက်လှမ်းမီရေး<br>• ချေးငွေဝန်ဆောင်မှုများနှင့်လက်လှမ်းမီရေး<br>• မွေးမြူရေးလုပ်ငန်းဖြင့် ဝင်ငွေတိုးတက်အောင်ဆောင်ရွက်ရေး | • မွေးမြူရေးတိုးတက်ထုတ်လုပ်နိုင်ရေး<br>• ချေးငွေဝန်ဆောင်မှုများ ဖန်တီးပေးခြင်း –နည်းပညာ ဝန်ဆောင်မှုများဖြစ်သည့် ဥပမာ ကာကွယ်ဆေးပုံမှန် ထိုးနှံ့ပေးခြင်း စသည့်တို့နှင့် လက်လှမ်းမီရေး |
| ၄။ | **<u>စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများတိုးတက်ရေး ကဏ္ဍ</u>** | | | | | |

| စဉ် | ပြဿနာ | အကြောင်းအရာ | အလားအလာ | အဟန့်အတား | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| | • အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါး ခြင်း | • ရွာသားများ၏ အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုနှင့် ပညာ အရည်အချင်း မရှိခြင်း<br>• စိုက်ပျိုးရေးအခြေခံ ကျေးလက်စက်ရုံများ မရှိခြင်း | • လုပ်သားအင်အားများရှိခြင်း | • အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများမရှိခြင်း | • လိုအပ်သောနည်းပညာအကူအညီများကို မြို့နယ်ဌာနဆိုင်ရာများသို့ တင်ပြနိုင်ခြင်း<br>• ရွာသားများ၏ အသက်မွေးဝမ်း ကျောင်းပညာရပ်များနှင့် ကျွမ်းကျင်မှုတိုးတက်လာစေရန်<br>• ချေးငွေဝန်ဆောင်မှုတိုးတက်အောင်ဆောင်ရွက်ခြင်း | • အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော်ရေး<br>• ချေးငွေဝန်ဆောင်မှုရရှိလာစေရေး |
| ၅။ | **<u>ဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းကဏ္ဍ</u>** | | | | | |
| | • ကျေးရွာထွက်ကုန်များဈေးကွက်သို့အချိန်မီပို့မှန်ရောက်ရှိနိုင်မှုမရှိခြင်း | • ကျေးရွာအုပ်စုနှင့် မြို့ နယ်များတွင် ကုန် စည်ဒိုင်များ၊ သိုလှောင်ရုံများ မရှိခြင်း | • စိုက်ပျိုးမွေးမြူရေး တိုးမြှင့်လုပ်ကိုင်ရန် အခြေအနေကောင်းများရှိသည်။ | • ကျေးရွာထွက်ကုန်များအတွက် ဈေးကွက် ဝန်ဆောင်များ ဖွံ့ဖြိုးတိုးတက်စေရန် ဈေးကွက်မူဝါဒများ ချမှတ်ဆောင် | • ကျေးရွာမှ ထွက်ကုန်များကို ဈေးကွက်ဝန်ဆောင်မှုများတိုးတက်အောင်ဆောင်ရွက်ခြင်း<br>• ကုန်စည်အဝယ်ဒိုင်များနှင့်သိုလှောင်ရုံများကို ကျေးရွာ | • ကျေးရွာ ထွတ်ကုန်များဈေးကွက်သို့ ဈေးကောင်းဖြင့် လက်လှမ်းမီအောင်ဆောင်ရွက်ရေး |

| စဉ် | ပြဿနာ | အကြောင်းအရာ | အလားအလာ | အဟန့်အတား | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| | | | | ရှက်ထားမှုများ မရှိခြင်း | အုပ်စုနှင့် မြို့နယ်များ တွင်တည်ဆောက်ခြင်း ဖြင့်ပြည့်ဝသော ဝန်ဆောင်မှုများရရှိရန်<br>• ကုန်စည်စုပေါင်းရောင်း ဝယ်မှုလုပ်ငန်းများ ပြု လုပ်၍ ဈေးကွက်ကို ချဲ့ ထွင်သွားရန် | |
| ၆။ | <u>ပညာရေး ကဏ္ဍ</u> | | | | | |
| | • ကျောင်း အဆောက်အဦ လိုအပ်ချက်များ ရှိခြင်း<br>• အထက်တန်း ပညာရေးပြီး မြောက်မှုနိမ့် ကျနေခြင်း | • အိမ်ခြေနည်းသော ချို့တဲ့သည့်ရွာတစ် ရွာဖြစ်နေခြင်း<br>• ပညာသင်ခြင်း၏ အနှစ်သာရကို သတိမမူမိ သေးခြင်း<br>• ပညာရေးသင်ကြား မှုအရည်အသွေး မကောင်းခြင်း | • မူလတန်းပညာ ရေးကိုအခမဲ့သင် ယူနိုင်ခြင်း<br>• အလယ်တန်း ကျောင်းမှာ ရွာနှင့် တစ်မိုင် ခန့်သာ ကွာဝေး သည်<br>• ရွာနှင့် နှစ်မိုင်ခန့် အကွာတွင် မိုးညှင်း တက္ကသိုလ်နှင့် အထက်တန်း ကျောင်းရှိခြင်း | • ပညာအရည်အချင်း မြင့်မြင့်မားမားလို အပ်မှုမရှိသော ရှေ့မှော်၊ကျောက် မှော်များတွင် အလုပ်အကိုင်ရှိခြင်း တို့ကြောင့် ပညာရေးကို အား ပေးမှုမရှိခြင်း<br>• ဆင်းရဲသောမိသား စုကျောင်းသားများ ပညာရေးရန်ပုံငွေမ ရှိခြင်း | • မိဘဆရာအသင်းက မြို့နယ်ပညာရေးဦးစီး ဌာန နှင့်ချိတ်ဆက် ဆောင်ရွက်သွားရန် | • ပညာရေးအဆောက် အအုံများတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း<br>• ပညာရေးရန်ပုံငွေ ထူထောင်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရာ | အလားအလာ | အဟန့်အတား | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| ၇။ | **<u>ကျန်းမာရေး၊ အာဟာရပြည့်ဝရေးနှင့် ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး</u>** | | | | | |
| | • တကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ဗဟုသုတများအားနည်းခြင်း<br>• အခြေခံကျန်းမာရေးဝန်ဆောင်မှုအားနည်းခြင်း | • ကြာကြီးကွင်းကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျန်းမာရေးဝန်ဆောင်မှု များ အပြည့်အဝမရရှိခြင်း<br>• ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ ပရိဘောဂများ မပြည့်ဝခြင်း<br>• သောက်သုံးရေမသန့်ရှင်းခြင်း၊ ယင်လုံအိမ်သာကို စနစ်တကျ အသုံးမပြုကြခြင်း၊ | • ဟိုပင်ဆေးရုံနှင့် လေးမိုင်အကွာတွင်ရှိ ခြင်း<br>• ကျေးလက်ကျန်းမာ ရေးဌာနခွဲနှင့် (၂.၅)ဖာလုံအကွာတွင်သာရှိခြင်း<br>• အနီးနားကျေးရွာမှ လူနာတင်ယာဉ်ငှားရန်နိုင်ခြင်း | • ကျေးလက်ကျန်းမာရေးဌာနကိုဝန်ဆောင်မှုအပြည့် အဝမဖြည့်ဆည်းနိုင်ခြင်း<br>• ကျန်းမာရေးအသိ | • တကိုယ်ရည်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အသိပညာများတိုးတက်လာစေရန်<br>• ဆင်းရဲသားများအတွက်ကျန်းမာရေးကူညီထောက်ပံ့မှုစနစ်များတိုးတက်လာစေရန်<br>• လွယ်ကူသောရေသန့်စင်နည်းစနစ်များကို အသုံးပြု၍ သောက်ရေသန့်ရရှိအောင်ဆောင်ရွက်ရန် | • ကျန်းမာရေး ဝန်ဆောင်မှုများလက်လှမ်းမီရေး<br>• ကျန်းမာရေးပညာပေးရေး<br>• ဝန်ထမ်းနှင့်ကျန်းမာရေးဆိုင်ရာအထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်အုပ်ချုပ်ရေးမှူးတို့၏ဦးဆောင်မှုဖြင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်ခြင်း<br>• ကျောင်းကျန်းမာရေးလှုပ်ရှားမှုနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• စိတ်ချရသောသောက်သုံး ရေရရှိရန်ဆောင်ရွက်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရာ | အလားအလာ | အဟန့်အတား | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| ၈။ | **<u>လူငယ်နှင့်ယဉ်ကျေးမှု ကဏ္ဍ</u>** | | | | | |
| | • မူးယစ်ဆေးဝါး ခြိမ်းခြောက်မှုရှိခြင်း | • မူးယစ်ဆေးကို ဒေသအတွင်း အလွယ်တကူရရှိနေခြင်း | • မူးယစ်ဆေးဝါး တိုက်ဖျက်မှုသည် အလွန်အရေးကြီးကြောင်းကိုဒေသခံများသိရှိကြခြင်း | • တရားဥပဒေမလွတ်ကင်းသည့် မူးယစ်ဆေးရောင်းဝယ်မှုများ မြင့်မားနေခြင်း<br>• မူးယစ်ဆေးဝါး အန္တရာယ်ရှိရာဒေသသို့သွားရောက်လုပ်ကိုင်ငွေရှာကြခြင်း | • မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ တိုးတက်လာစေခြင်း<br>• ကျေးရွာအဖွဲ့အစည်းများအား မူးယစ်တိုက်ဖျက်ရေး ဆောင်ရွက်ရန် စွမ်းရည်မြှင့်တင်ပေးခြင်း | • ကျေးရွာအဖွဲ့အစည်းများ၊ မူးယစ်တိုက်ဖျက်ရေးလုပ်ငန်းတွင် ပူးပေါင်း ဆောင်ရွက်နိုင်ရန် စွမ်းရည်မြှင့်တင်ပေးရေး |

**ကိုးကားစာရင်း**

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ မိုးညှင်းမြို့နယ်၊ လယ်ဦးကျေးရွာတွင် ၂၀၁၅ ဩဂုတ်လတွင် ကျင်းပခဲ့သော ကျေးရွာ အခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

**စီမံကိန်းအဆိုပြုလွှာ (သို့) စီမံကိန်းအကြောင်းအရာ (Project profile)**

| |
|---|
| ကျေးရွာ - <br>ကျေးရွာအုပ်စု - <br>မြို့နယ် - <br>တိုင်းဒေသကြီး / ပြည်နယ် - |
| စီမံကိန်းအမည် - |
| စီမံကိန်းဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ |
| စီမံကိန်းရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) |
| စီမံကိန်းဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) |
| စီမံကိန်း ကုန်ကျစရိတ်ထည့်ဝင်မှု |

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ……………………(ငွေသား)<br>• ……………………..(ငွေသား)<br>• ………………………(ပစ္စည်း/လုပ်အား)<br>• | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ<br>• |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** |
|---|---|---|

| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
|---|---|---|---|---|---|---|---|---|
| **ကျေးရွာအဆင့်** | | | | | | | | |
| **အကျိုးခံစားမည့် ဦးရေ** | | | | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံကိန်း အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား) |
| (၂) စီမံကိန်းစတင်မည့် အချိန် ခန့်မှန်း |
| (၃) စီမံကိန်းပြီးစီးမည့်အချိန် |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ |